မန္တလေးတိုင်း မိတ္ထီလာခရိုင် သာစည်မြို့နယ်

ရှာကြီးကျေးရွာအုပ်စုရှိ

ကျော်လေးဆူဝင် ဓာတ်ပေါင်းစုံပျော်

# ရွှေယင်မျှော်ဘုရားသမိုင်း


ပြုစုသူ

ဦးသုရိယ

ဦးဥတ္တမ



သာသနာ ၂၅၃၇ ကောဇာ ၁၃၅၆ ခရစ် ၁၉၉၄



ကျော်လေးဆူသမိုင်းဝင် ရွှေယင်မျှော်စေတီတော်

မန္တလေးတိုင်း မိတ္ထီလာခရိုင် သာစည်မြို့နယ်

ရွာကြီးကျေးရွာအုပ်စုရှိ

ကျော်လေးဆူဝင် ဓာတ်ပေါင်းစုံပျော်

# ရွှေယင်မျှော်ဘုရားသမိုင်း

အကြိမ် — တတိယအကြိမ်
၁၉၉၄ ခု၊ ဩဂုတ်လ

အုပ်ရေ — ၂၅၀၀

ထုတ်ဝေသူ — ရွှေယင်မျှော်ဘုရား ဂေါပကအဖွဲ့အတွက်
ကုန်သွယ်ရေးဝန်ကြီးဌာနက ထုတ်ဝေသည်။

ပုံနှိပ်သူ — ဦးမင်းဟန်
ရန်ကုန်မင်္ဂလာသောင်း ပုံနှိပ်တိုက်
(၀၄၁၅၄)
အမှတ် ၇၅၊ ၄၃ လမ်း၊
ရန်ကုန်မြို့။
ဖုန်း– ၉၆၂၇၅

# ရွှေယင်မျှော် ဘုရားသမိုင်း

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| – | ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ) ၏ ရွှေယင်မျှော်သမိုင်းအမှာ (၁၊ ၂၊) | က |
| – | ရွှေယင်မျှော်သမိုင်းအဖွင့်နိဒါန်း | ည |
| ၁ | ဘုရားအလောင်း ရွှေသမင် | ၁ |
| ၂ | သီရိဓမ္မာသောကမင်း | ၂ |
| ၃ | သိကြားမင်းဆက်ကပ်သော ဉ–ဝ–ဟ–နိ ဂါထာတော် | ၃ |
| ၄ | အနော်ရထာမင်း | ၄ |
| ၅ | ရွှေယင်မျှော်စေတီတော်အုံဖွယ် (၉) ပါး | ၇ |
| ၆ | ထီးလှိုင်ကျန်စစ်မင်း | ၈ |
| ၇ | အလောင်းစည်သူမင်း | ၉ |
| ၈ | ရဟန္တာရှင်–အရဟံသိမ် | ၁၁ |
| ၉ | ဗုဒ္ဓ၏လက်ဝဲခြေတော်ရာပုံ မေတ္တာရေကန် | ၁၁ |
| ၁၀ | ဒက္ခိဏာရာမကျောင်းတိုက် | ၁၁ |
| ၁၁ | ဥတ္တရာရာမကျောင်းတိုက် | ၁၁ |
| ၁၂ | ကပ္ပိယကာရကများ (ဥပဋ္ဌာကများ) | ၁၁ |
| ၁၃ | စေတီတော်အား ငွေအိုးကြီးလေးလုံး | ၁၂ |
| ၁၄ | အလောင်းစည်သူမင်းသစ္စာတော် | ၁၂ |
| ၁၅ | နရပတိစည်သူမင်း | ၁၃ |
| ၁၆ | ပင်းယငါးစီးရှင်မင်း | ၁၄ |
| ၁၇ | ပထမမင်းခေါင်မင်း | ၁၆ |
| ၁၈ | ဆင်ဖြူရှင်သီဟသူမင်း | ၁၇ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| အင်းဝမိုးညှင်းမင်း | ၁၇ |
| မဟာရံတံတိုင်းကြီးများ | ၁၉ |
| သီဟပတေ့မင်း | ၁၉ |
| ငွေအိုးကြီးလေးလုံး | ၂၀ |
| စမုံချောင်းဖျားမင်း | ၂၀ |
| တောင်ငူဘုရင် သိခ်သူ | ၂၁ |
| ညောင်ရမ်းမင်း | ၂၁ |
| အနောက်ဖက်လွန်မင်း | ၂၃ |
| သာလွန်မင်း | ၂၃ |
| ဘိုးတော်မင်း– ပဒုံမင်းတရား | ၂၃ |
| မင်းတုန်းမင်း | ၂၄ |
| ရွှေယင်မျှော်တိုက်ကျောင်းဆရာတော်ဦးဇဝန | ၂၅ |
| ဌာပနာတိုက် ၁၂ တိုက် | ၂၆ |
| ကေပိုဒ်ရတု | ၂၆ |
| အဖြစ်ဆန်းသည့် ဝက်သတ္တဝါ | ၂၆ |
| ထူးဆန်းသော နိမိတ်တော်များ | ၃၀ |
| ရွာကြီးဆရာတော် ဦးပရမ | ၃၁ |
| ရွာကြီးဆရာတော် ဦးဥတ္တမ | ၃၄ |
| အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် | |
| တိုင်းမှူး ဗိုလ်ချုပ်ထွန်းကြည် | ၃၆ |
| ဘုရားပွဲတော်ကျင်းပခြင်း | ၄၀ |
| နိဂုံး | ၄၁ |

# ရွှေယင်မျှော် ဘုရားသမိုင်း

## အမှာ

ရွှေယင်မျှော်ဘုရားသည် ရှေးရှေးကာလက ပြောစမှတ်ရှိသော "အကျော်လေးဆူ"ဝင် ဘုရားတစ်ဆူဖြစ်သည်။ အရှေ့စာရံ၊ ပုဂံအနောက်၊ တောင်မြောက် ယင်မျှော် သီဟတော်ဟူ၍ ဆိုကြမှတ်ကြသည်။ မြန်မာမင်းအဆက်ဆက် ထင်ရှားတန်ခိုးကြီးသော ရွှေယင်မျှော်ဘုရားသမိုင်းကို မန္တလေးတိုင်း သာစည်မြို့နယ် ရွာကြီးကျောင်း ဆရာတော်ဦးဥတ္တမနှင့် သာစည်မြို့ဘုရားကြီးကျောင်းတိုက် ဆရာတော်ဦးသူရိယတို့က ရှာဖွေပေးပါရန် မိန့်ကြားပြီး ဘုရားကြီးကျောင်းတိုက် ဆရာတော်ဦးသူရိယ ပြုစုထားသော ကျော်လေးဆူဝင် ရွှေယင်မျှော် ဘုရားသမိုင်း မူတစ်စောင်ကို ပေးထားခဲ့ကြပါသည်။

ခေတ်အဆက်ဆက် ရှေးမင်းများ တည်ထားပြုပြင်လာသည့်အလျောက် ရွှေယင်မျှော်ဘုရားသမိုင်းသည် ပေစာ၊ ပုရပိုက်၊ ကျောက်စာများနှင့် မှတ်တမ်းရေးထိုး မော်ကွန်းတင်ထားသည့်အလျောက် "ရွှေယင်မျှော်" ဘုရားသမိုင်းကို ခဲရာခဲဆစ် ရှာဖွေရမည် မဟုတ်ပါ။

သက္ကရာဇ် ၁၂၂၆– ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၄ ရက်နေ့၊ နေ့ ၂–ချက်တီးကျော်အချိန် ရေးကူး၍ပြီးသော "ဇမ္ဗူကွန်ချာ" ကျမ်းပေမူတွင် လည်းကောင်း၊ အရိယာဝံသ– အာဒိစ္စရံသီ မုံရွေးဇေတဝန် ဆရာတော်ဘုရားကြီး ရေးသားစီရင်တော်မူအပ်သော စေတိယကထာ ရာဇဝင်ချုပ်ကျမ်းတွင် လည်းကောင်း၊ ရွှေယင်မျှော် ဘုရားသမိုင်း ပြည့်ပြည့်စုံစုံကို တွေ့ရှိနိုင်ပါသည်။ အခြား ရာဇဝင် မော်ကွန်းတို့တွင်လည်း ရွှေယင်မျှော်ဘုရား အကြောင်းအရာများ တွေ့ရတတ်သည်။

မြန်မာသမိုင်းတွင် ထင်ရှားကျော်ကြားသော ရွှေယင်မျှော်ရွာကြီး ဇာတိဖြစ်သည့် ရွာကြီးဆရာတော် ရွာကြီး ရှင်ဥက္ကံသမာလာ၊ အကျော် ဆရာတော်သည် စနေမင်း (၁၀၆၀–၁၀၇၆) နှင့် တနင်္ဂနွေမင်း (၁၀၇၆– ၁၀၉၅) တို့ လက်ထက်တွင် ထင်ရှားသော ဆရာတော်တစ်ပါး၏ စာဟောင်းပေဟောင်းများတွင် "ရွှေယင်မျှော်" ဘုရားအတ္ထုပ္ပတ္တိကို ယခုတိုင် မတွေ့ရသေးချေ။ ဆရာတော်သည် ဝဏ္ဏဗောဒနသတ်အင်းသတ်ပုံ လင်္ကာများ၊ ကဝိကဏ္ဍ

## (၁)
## ရွှေယင်မျှော်ဘုရားသမိုင်း

ပါသလက်ဘ်နှင့် မန်ကျည်းကျပ်စား လျှော့ကက်ထုံးများ၊ တောင်ငူဆို ရတုအဖြေ စသည်တို့ကို ပြုစုခဲ့သည်။ ဆရာတော်သည် လောကမေဓာဉာဏ ဗွယ်စုံဆရာတော် ဖြစ်၍ သတ်အင်းသတ်ပုံနှင့် အဖြေကျမ်းအဖွင့် စသည်တို့ကို ပြုစုသော်လည်း သမိုင်းရေးရာဆိုင်သည့် အကြောင်းမပြုစုခဲ့ပေ၍ မတွေ့ရဖြစ်လေသည်။

သို့သော်လည်း သာစည်မြို့ ဘုရားကြီးကျောင်းတိုက် ဆရာတော် ဦးသူရိယ ပြုစုသော ယခုသမိုင်းကျမ်းသည်ကား အတော်ပင် ပြီးပြည့်စုံလင် သဖြင့် ထပ်မံဖြည့်စွက်ရှာပေးရန် လိုအပ်မည် မဟုတ်ပါချေ။

အကျော်လေးဆူနှင့် စပ်လျဉ်း၍ မုံရွေးဇေတဝန် ဆရာတော် အရှင် အာဒိစ္စရံသီက ဤသို့ ပြဆိုထားသည်။

ထို တိုင်းကြီးပြည်ကြီးတို့တွင် သာသနာတော်မြတ်တည်ရာ သုနာ ပရန္တတိုင်း တမ္ဗဒီပစသော မြန်မာတိုင်းနိုင်ငံအပြင်၌ စေတီပုထိုး အပေါင်း တို့တွင် အစဉ်သမုတ် ဝေါဟာရ ပေါ်ရာဏ ပဏ္ဍိတ ကထာကား- အကျော် လေးဆူ ရှိသည်ဟူ၏။

အရှေ့ကား ရွှေစာရံဘုရား၊ အနောက်ကား ရွှေစည်းခုံဘုရား၊ တောင်ကား ရွှေယင်မျှော်ဘုရား၊ မြောက်ကား သီဟတောဘုရား ဤလေးဆူကို ကျော်လေးဆူ သမုတ်ကြကုန်၏။ ပညာရှိတို့လည်း "အရှေ့စာရံ၊ ပုဂံအနောက် (ရွှေစည်းခုံ) တောင်မြောက် ယင်မျှော် သီဟတော်တည်း" ဟု ဆိုစကုန်သည်။

တစ်ချက်မှာလည်း "မြန်မာတိုင်း၌ အကျော်သုံးဆူ၊ ရာမညတိုင်း၌ အကျော်သုံးဆူရှိသော်ဟူ၏။" မြန်မာတိုင်း၌ အကျော်သုံးဆူကား "ရွှေယင် မျှော်တစ်ဆူ၊ သီဟတောတစ်ဆူ၊ မဟာနောတစ်ဆူ" ဤသုံးဆူတည်း။

ရာမညတိုင်း အကျော်သုံးဆူကား "ရွှေမော်ဓောတစ်ဆူ၊ ကျိုက်ထီးပေါ်တစ်ဆူ၊ သကောတစ်ဆူ" ဤသုံးဆူတည်း။

ဤသုံးဆူဖက်၍ အမတ်မင်း နဝဒေး ဟံသာဝတီရောက်မှ "မောဓော မွေလဘုန်း၊ ဝုန်မောဓော ရွှေယင်မျှော်" ဟူ၍လည်းကောင်း၊ "သီဟတောနှင့် ကျိုက်ပေါ်မွေလတွင်မည် ကျိုက်ပေါ်သီဟတော" ဟူ၍လည်းကောင်း စာဆို လေသည်။ ရတနာပူရ အဝမြို့ ရွှေစာရံအုံကိုးပါးအဝင် လေးဆူသွင်း၍

# (၈)

## ရွှေယင်မျှော်ဘုရားသမိုင်း

ဆိုကြကုန်၏။ တန်ခိုးကြီး သုံးဆူသာရှိသည်။ အံ့ကိုးပါးလေးဆူမရှိ၊ အရိုးတို့ကို ဆိုကြကုန်သည်။

အဝမြို့တွင် ဂူတော်သစ်မောက်ကြေးနီဘုရား၊ အရှေ့ပြင်ထိပ်၌ ဘုရားကို မဟာနေဒာဟု တွင်လေသည်။ နောက်မှ ပြင်ဆင်လုပ်ဆောင်သူတို့သည် ရတနာစံဦးဟု ကမ္ပည်းရေး၍ နံနှင့်တော်သင့်အောင် ထားလေသည်။ ရာဇစိတ်မှတ် ပြုလုပ်ပြန်သည်။ ၁၀၅၆- ခုတွင်သာ။ သည်နောက် ရတနာစေတီဟု ခေါ်ဝေါ်သောကြောင့် မသိသာသည်။ ရဟန်းတို့သာ မဟာနေဒာဟု ခေါ်ဝေါ်လေသည်။ ထို့ကြောင့် "သုံးဆူတန်ခိုးကြီး၊ ထီးလက်လှမ်းမိကာ"ဟု ပညာရှိတို့ ဆိုကုန်သည်။ ယခု လုပ်ဖန်များသောကြောင့် မပြီးပြီဟု မှန်ကုန်ရာ၏။

မုံရွာဆရာတော် ဘုရားကြီး အဆိုအမိန့်အရ မူလကျော်သုံးဆူဖြစ်ကြောင်း ဆိုလေသည်။

တဖန်တုံလည်း "မဟာနေဒာ" ဘုရားအမည် တိမ်မြုပ်ပျောက်ကွယ်စေခဲ့ပုံကိုလည်း တွေ့ရှိရပေသည်။ မုံရွေးဇေတဝန် ဆရာတော်ဘုရားကြီး ပြုစုသော စေတီယကထာ၌ ရွှေယင်မျှော် ဘုရားသမိုင်းကို ဤသို့ ဖော်ပြထားသည်။

မိုးညှင်းမင်းသည် ရွှေယင်မျှော် ဘုရားကိုလည်း ထပ်မံမျိုသည်။ ရွှေယင်မျှော် ဘုရားကား ဓမ္မာသောကမင်း ကောင်းမှုတည်း။ သိကြားမင်းသည် သရီရဓာတ်တော် ငါးဆူဌာပနာလာသောဟူ၏။ အနော်ရထာမင်းစော ထပ်မံပြင်ဆင်၏။ ထီးလှိုင်ရှင် ကျန်စစ်မင်းသားလည်း ထပ်မံပြင်ဆင်၏။ မိုးညှင်းမင်းတရားသည်လည်း ထပ်မံပြင်ဆင်တော်မူ၏။ သာလွန်မင်းတရားကြီးလည်း ထပ်မံပြင်ဆင်တော်မူပြီးလျှင် ကြေးနီပြားလုံးတော်ပြည့် ကွပ်တော်မူ၏။ (ဆင်စကြာရှင်ခံ) အလောင်းစည်သူ ထပ်မံပြင်ဆင်တော်မူ၏။ မြေးတော်ဖောင်စကြာရှင်ခံ နရပတိစည်သူ ထပ်မံပြင်ဆင်တော်မူ၏။ ငါးစီးရှင်လည်း ထပ်မံပြင်ဆင်၏။ မင်းခေါင်ကြီးလည်း ထပ်မံပြင်ဆင်တော်မူ၏။ အမရပူရမြို့တည် မင်းတရားကြီးလည်း မိတ္ထိလာကန်ဆည်ထွက်တော်မူသည့်ကာလ (ပတ်လည်နှစ်တောင်ထွာဖွင့်၍) ပြင်ဆင်ပြီးလျှင် ကြေးနီပြား အုပ်လွှမ်းတော်မူ၏။ သက္ကရာဇ် (၁၁၆၀) ပြည့်နှစ် ပြင်ဆင်၍ပြီးသည်။

ထိုအရပ်တွင် ဘုရားအလောင်းတော် ရွှေကြီးကြာငှက် ဖြစ်ခဲ့သည်ဟူ၏။

# (ဃ)

## ရွှေယင်မျှော်ဘုရားသမိုင်း

ရွှေယင်မျှော် ဘုရားသမိုင်းတွင် အလောင်းစည်သူမင်းကို ဆင်ဖြူရှင် စကြာရှင် မြေးတော် နရပတိစည်သူမင်းကို ဖောင်စကြာရှင်ဟု ခွဲ၍ဆိုသည်။

ဤတွင် စကားအလျဉ်း သင့်သည်နှင့် ရှေ့နောက်သိမ်း၍ ဆိုလိုက်ပေ သည်ဟူ၍ ဖော်ပြထားသည်။

ရွှေယင်မျှော် ဘုရားကို ရှေးကဘုန်းကြီးသော မင်းများ ဆက်၍ဆက်၍ ပြင်ဆင်သည်ကိုထောက်သော် ကျော်ကြားထင်ရှား၍ တန်ခိုးတော်ကြီးသော ဘုရားကြီးဖြစ်ကြောင်း မုချသိရပေသည်။ သာလွန်မင်းတရားကြီး လက်ထက် အချိန်က ကြေးနီပြားလုံးတော် ပြည့်ကွက်သည်မှာလည်း ဘုရင်မင်းမြတ်၏ စေတနာ သဒ္ဓါတရားနှင့် ထိုခေတ်အချိန်က ကြေးနီများ မည်မျှပေါများ သည်ကိုလည်း သိသာပေသည်။ မြန်မာ့ရေပြင်၌ ကြေးသတ္တုထုတ်လုပ်မှု အခြေကိုလည်း ထင်ရှားစွာတွေ့ရပေသည်။ ယခုတိုင်လည်း ကြေးနီပြား အုပ်လွှမ်းလျက် ရှိသည်ကိုလည်း သိရှိရပေသည်။ ကြည်ညို သဒ္ဓါတရားဖြင့် ဖူးမြော်ကြရာ၌-

သုန္ဒရံ ဋ္ဌပနံ ဟောတိ၊ သုပိန္နေစ ပဿေယျတိ။

ဓာဂနတ္ထာယ ရစ္စတိ၊ ကံသရဇတ သုဝဏ္ဏာတိ။

သုန္ဒရံ၊ ကောင်းသော။ ဋ္ဌပနံ၊ ဌာပနာတိုက်ကို။ ကံသရဇတ သုဝဏ္ဏာတိ၊ ကြေးပြား ငွေပြား ရွှေပြား တို့ဖြင့်ပြုသည်။ ဟောတိ၊ ဖြစ်၏။ သုပိန္နေစ၊ အိပ်မက်၌လည်း။ ပဿေယျတိ၊ မြင်မက်၏။ ဓာဂနတ္ထာယ၊ အလှူအကျိုးငှာ။ ရစ္စတိ၊ နှစ်သက်၏ဟူ၍။ ရွတ်ဆိုပူဇော်ကြကုန်သည်။

သု၊ သု၊ ဓာ၊ ကံကို သိကြားမင်း တံဆိပ်ဟူ၍လည်း ဆိုကြသည်။ဤ၌ မြင်စိုင်းငါးစီးရှင် ဘုရင်သည် ရွှေယင်မျှော်ဘုရား ကြွလာသည်ဟူ၍ အိပ်မက် တော်မက်ကြောင်း ရှိပေသည်။ ရွှေယင်မျှော်တွင် သိကြားပေးတံဆိပ်သည် "ဥ, ဝ, ဟ, နိ" ဟူ၍ သုတေသန ပါမောဇ္ဇဒီပနီကျမ်း၌ မှုကွဲလျှက် တွေ့ရသည်။

"ဇမ္ဗူကွန်ချာ" ကျမ်းတွင်လည်း ရွှေယင်မျှော်ဘုရားသမိုင်း အကျယ် ပါရှိပါသည်။ ဆရာတော် ဦးသူရိယ ပြုစုသောကျမ်း၌လည်း ထိုအချက်များ ပြည့်စုံပြီဟု ဆိုရပါမည်။

(င)

## ရွှေယင်မျှော်ဘုရားသမိုင်း

ကျော်လေးကျော်အဝင် ရွှေယင်မျှော်ဘုရားကြီး၏ တန်ခိုးတော်ကြောင့် ခေတ်အဆက်ဆက်မှ ယခုတိုင် ထင်ရှားဖူးမြော်ခွင့် ရကြပေသည်။ ရတနာသုံးပါး ဆည်းကပ်ကုန်သော သူတော်စင်အပေါင်းတို့သည်လည်း ခေတ်အဆက်ဆက် ထိန်းသိမ်းပြုပြင်လာသော "ရွှေယင်မျှော်" ဘုရားကြီးကို ကြည်ညိုသဒ္ဓါ စေတနာတရားဖြင့် ဆက်လက်မွမ်းမံ ပြုပြင်နိုင်ကြပါစေဟူ၍ တောင်းဆုရွေ့ရပါသတည်း။

ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ)
အကြံပေးပုဂ္ဂိုလ်
နိုင်ငံသမိုင်း သုတေသန ဦးစီးဌာန
ပွဲကုန်းရပ် - မန္တလေးမြို့။

## ရွှေယင်မျှော်ဘုရားသမိုင်း

### အမှာစာ - ၂

မန္တလေးတိုင်း၊ သာစည်မြို့နယ်၊ ရွာကြီး ကျေးရွာအုပ်စုရှိ "ကျော်လေးဆူဝင်" ရွှေယင်မျှော်ဘုရား ဂေါပကအဖွဲ့မှ "ရွှေယင်မျှော်ဘုရားသမိုင်း" ကို တတိယအကြိမ် ပြန်လည်ပုံနှိပ်ရန်အတွက် ထပ်လောင်း၍ အမှာစာရေးပေးရန် မေတ္တာရပ်ခံကြသည့်အတွက် အမှာစာ-၂ ကို ရေးသားရခြင်း ဖြစ်ပါသည်။

ကျွန်တော်သည် မန္တလေးမြို့တွင် နေထိုင်လျှက်၊ ရန်ကုန်မြို့ နိုင်ငံသမိုင်း သုတေသန ဦးစီးဌာန၊ အကြံပေးပုဂ္ဂိုလ်အဖြစ် တာဝန်ထမ်းရွက်နေစဉ်က "ရွှေယင်မျှော်ဘုရား သမိုင်း" ပြုစုသူဆရာတော် ဦးသူရိယ၊ ဆရာတော် ဦးဥတ္တမနှင့် ဘုရားဂေါပကအဖွဲ့က လာရောက်ပြီး စာမူကြမ်းပေးအပ်ကာ စာမူကို စစ်ဆေးပေးရန်နှင့် အမှာစာရေးရန် တာဝန်ပေးသဖြင့် ဆရာတော်၏ ဘုရားသမိုင်း စာမူကိုဖတ်ရာ အလွန်ပင် ပြီးပြည့်စုံလျက်ရှိကြောင်း တွေ့ရသည်။ ထိုစဉ်က ကျွန်တော် သုတေသနပြုထားသော ရှေးဟောင်း စာပေ "ဇမ္ဗူကွန်ချာ" ကျမ်းနှင့် မုံရွေးဇေတဝန် ဆရာတော်ဘုရားကြီး၏ "စေတီယကထာ" ကျမ်းများကို ကိုးကားပြီး အမှာစာကို ရေးခဲ့ပါသည်။

သမိုင်းစာဟောင်းများတွင် "ရွှေယင်မျှော် ဘုရားကား ဓမ္မာသောကမင်း ကောင်းမှုတည်း" ဟူ၍ တွေ့ရှိရာ အစဉ်အလာဖြစ်၍သာ ရေးကူးထည့်သွင်း ဖော်ပြခဲ့ပါသည်။ မြန်မာတို့က သီရိဓမ္မာ သောကမင်းကြီးဟုလည်းကောင်း "ဓမ္မာသောကမင်း"ဟုလည်းကောင်း ခေါ်ဆိုသိရှိကြသော အသောကမင်းကြီး (ASOKA)သည် ဗိန္ဒုသာရမင်းကြီး၏ သားတော်ဖြစ်သည်။ ဗုဒ္ဓဘုရားသခင် ပရိနိဗ္ဗာန်စံတော်မူပြီး နှစ်(၂၁၈) တွင် နန်းတက်တော်မူ၍ ဗုဒ္ဓသာသနာ တော်ကြီးကို ပြုစုပြန့်ပွားစေခဲ့သည်။ အာသောက ကျောက်စာတိုင်ကြီးများကို အနှံ့ စိုက်ထူပြီး ဘီစီသုံးရာစုခေတ်တွင် ကိုးတိုင်းကိုဌာနအနှံ့ သာသနာပြုစေခဲ့သည်။ ထိုသို့စေရာတွင် မြန်မာတို့ အမှတ်အသားအရ၊ ရေတွင်းပေါင်း (၈၄၀၀၀) ရေကန်ပေါင်း (၈၄၀၀၀) စေတီပုထိုးပေါင်း (၈၄၀၀၀) စသည် တည်ထားပြုစုခဲ့ သည်ဟုဆိုသည်။ မြန်မာပြည်တွင် ရှေးဟောင်းစေတီပုထိုး များကို ဓမ္မာသောကမင်းကြီး တည်သည်ဟူ၍ ယုံကြည်ကြသည်။ ထိုအချက်ကို ဘုရားသမိုင်း ပြုစုသူများပင် ကြုံကြရသည်။ အထောက်အထားပြရန်ကား အခက်တွေ့ကြရသည်။

## ရှေးယင်မျှော်ဘုရားသမိုင်း

ယခုမူ မြန်မာ့သမိုင်းကို လေ့လာရှာဖွေရာ၊ ရှေးအေဒီ ၁ ရာစုမှ ၉ ရာစုခန့်အထိ ယူဆထားသော ရှေးရှေးပျူမြို့တော်ကြီးများတွင်

(၁) လက်ရေး အခြစ်အရေးအစင်းပါသော အုတ်ချပ်ကြီးများ မြန်မာပြည်အနှံ့ ရှေးပျူလူမျိုးများ နေထိုင်သွားသော ဒေသများတွင် တွေ့ရှိရသည်။

(၂) ပျူပုတီးစေ့များသည် ကြိုးသွင်းရန် အပေါက်ပါ၍ အဖြူအနက်ကြားပုတီးစေ့များ ပုံသဏ္ဌာန်မှာ အဝိုင်းအလုံး၊ ဗုံရှည်၊ ဗုံတိုပုံများ တွေ့ရသည်။ ၎င်းပြင် အင်ကြင်းကျောက်သားဖြင့် ပြုလုပ်၍ အဖြူအနက် အရောင်ကိုဆိုးသည်။ မြန်မာ့အဘိုးထိုက် ကျောက်အမျိုးမျိုးနှင့် တန်ဘိုးနည်းသော ကျောက်များဖြင့် ပြုလုပ်သော ပုတီးစေ့များတွင် ဆင်ရုပ်၊ ကျားရုပ်၊ ခြင်္သေ့၊ လိပ်၊ နွား၊ ငါး၊ လူစသော အရုပ်ပုတီးစေ့ အမျိုးမျိုးကို တွေ့ရသည်။ ဤပုတီးစေ့များ ပုံသဏ္ဌာန်နှင့် ကျောက်အမျိုးအမျိုးအကြောင်းကို အေဒီ(၈၀၂)ခုနှစ် ပိုကျူအိဓ်၏ တရုတ် မှတ်တမ်းကဗျာတွင် အသေးစိတ်ရှင်းပြထားသည်။ မြန်မာပြည် ပျူတို့ ဒေသ အကျယ်အဝန်းကို အရှေ့နှင့်အနောက် လီပေါင်း ၃၀၀၀ (၃လီ–တစ်မိုင်) မိုင် ၁၀၀၀၊ တောင်နှင့်မြောက် လီပေါင်း ၅၀၀၀၊ မိုင် ၁၇၀၀ခန့် ကျယ်ဝန်းကြောင်း တရုတ်မှတ်တမ်း၌ ဖော်ပြထားသည်။

(၃)ပျူဒင်္ဂါးများ၊ ငွေပြားဒင်္ဂါးများ၊ ဟန်လင်းဒင်္ဂါး၊ ကိုးမြို့ဒင်္ဂါးခေါ်ကြသည့် သီရိဝစ္ဆနှင့် ဘဒ္ဒပီဌတံဆိပ်၊ နေလစကြာတံဆိပ်များပါသည်။

(၄)ပျူ–မြေနှင့် ကျောက်အရိုးအိုးများ ပြာနှင့်ပျူပစ္စည်းများတွေ့ရသည်။

(၅)ပျူကျောက်စာများ တွေ့ရသည်။

ထိုသို့သော ပျူဒေသများ၏ အကျယ်အဝန်းတွင် (၁) တကောင်း၊ ဟန်လင်း (ရွှေဘိုနယ်) မင်းကြည်၊ မုံရွာ၊ အရာတော်။ (၂) ဂန့်ဂေါမြို့နယ်၊ (၃) ရွှေစက်တော်၊ စေတုတ္တရာ (၄) မင်းဘူး၊ ပွင့်ဖြူ၊ လယ်ကိုင်း၊ ကျောင်းတော်ရာ၊ စကု၊ စလင်း၊ ဆင်ဖြူကျွန်း (၅) တောင်တွင်းကြီး၊ ပိဿနိုး (၆) ထောင်ညို။ ပျဉ်းမနား၊ တပ်ကုန်း၊ ရမည်းသင်း၊ ပျော်ဘွယ်၊ သာစည် (၇) နွားထိုးကြီး၊ မက္ခရာ၊ ကတော (၈) သဲတော၊ ဝမ်းတွင်း၊ ပင်လယ် (မိုင်းမော၊ ကူမဲ)၊ ရတာနပူဝ(အင်းဝ) (၉) သီရိခေတ္တရာ၊ မော်ဇာ၊ သဲကုန်း၊ ပုတီးကုန်း၊ ပေါင်းတလည်၊ ပေါက်ခေါင်း (၁၀) ဝေါ၊ ကျုံတူ၊ ကျိုက်ကသာ၊ အရက်သမ၊ တိုက်ကလား၊ သုဝဏ္ဏဘုမ္မိ၊ သထုံ၊ စမ္ပာနဂိုရ်၊ ဖားအံ၊ မုဒုံ (မော်လမြိုင်)၊ ထားဝယ် (၁၁) ပုဂံဒေသများ (၁၂) အင်းလေးဒေသ၊

ညောင်ရွှေ၊ ရမ္မာဝတီစသောဒေသများ ဖြစ်သည်။

ရှေးဦးစွာ ပျူဒေသများတွင် တွေ့ရသော လက်ချောင်းရာ အရေးအစင်းပါသော အုတ်များ၏အစကို အိန္ဒိယပြည်တွင် ရှိမရှိစူးစမ်းရှာဖွေသောအခါ၊ သုတေသနသမိုင်း အကြံပေး ဦးဝင်းမောင် (တမ္ပဝတီ) သည် ၁၉၉၀ ခုနှစ်၊ ဧပြီလအတွင်းက၊ မြန်မာပြည် ပျူဒေသအနှံ့ တွေ့ရသော လက်ချောင်းရာ အရေးအစင်းပါသော အုတ်ချပ်ကြီးများကဲ့သို့ အုတ်များကို အိန္ဒိယပြည် (၁) မိဂဒါဝုန်၊ အာသောကကျောက်တိုင် (၂) ရာဇဂြိုလ် အဇာတသတ် ဓာတ်ပေါင်း စေတီ (၃) ဝေသာလီဓာတ်တော်တိုက် (၄) သာဝတ္ထိ – ဇေတဝန်ကျောင်းတော်၊ (၅) ကုသိနာရုံကျောင်းတော် (၆) လုမ္ဗိနီကျောင်းတော်အနီး (၇) ကပ္ပိလဝတ် – တီလောကရတ် (၈) နန်းတော်ရာနှင့် ဒေသပေါင်း (၁၁) နေရာမှ အုတ်ချပ်အများ တွေ့ရှိ၍ ဓာတ်ပုံရိုက်ကာ ပုံဆွဲသုတေသနပြုခဲ့ပါသည်။ ထို့ကြောင့် အိန္ဒိယပြည် အသောကအုတ်ချပ်များ – ယင်းအုတ်ချပ်မျိုးကို သာစည်နယ် ရွှေယင်မျှော် ပတ်ဝန်းကျင်မှလည်း တွေ့ထားကြောင်း သိရသည်။ အသောကခေတ် ဘီစီ ၃ ရာစု ၂ ရာစုမှ အုတ်ချပ်များဖြစ်ရာ၊ အသောက မင်းတရားကြီး၏ သာသ နာပြုများသည် ထိုထိုရာစုနှစ်များမှစပြီး တစ်စတစ်စ ပြန့်ကာ မြန်မာပြည်သို့ ရောက်ရှိကြောင်း ပျူမြို့ဟောင်းဒေသများတွင်လည်း အိန္ဒိယပြည်မှ အရေးအစင်း လက်ရာပါ အုတ်ကြီးများကို တွေ့ရသည်။ အုတ်များကို ဖုတ်လုပ်တတ်သော ဗိသုကာများက အတတ်ပညာတစ်ရပ်အဖြစ် ယူဆောင်လာသဖြင့် မြန်မာနိုင်ငံ တွင်း ပျူဒေသမြို့ဟောင်းများမှ တွေ့ရခြင်းဖြစ်သည်။

ထို့ကြောင့် အသောကမင်း တည်ခဲ့သည်ဟုဆိုသော စေတီပုထိုးများ အနီးတွင် အိန္ဒိယပြည်ကပုံစံ၊ ပျူခေတ်ကပုံစံ အုတ်ချပ်များ တွေ့ရှိကြရသဖြင့် ရှေးခေတ်က အဆိုအမိန့်များကို လေးစားယုံကြည်ထိုက်လှပေသည်။

အိန္ဒိယပြည်အလယ်ပိုင်း ဗုဒ္ဓဆိုင်ရာ ရှေးဟောင်းအထိမ်းအမှတ်သမိုင်းကို အိန္ဒိယနိုင်ငံ မစ္စတာအဲလက်ဇင်းဒါးကန်နင်ဟာမ် (MR. ALEXANDER CUNNINGHAM-)က ရှာဖွေပြုစုရာ ဗုဒ္ဓဆိုင်ရာ အထိမ်းအမှတ်များတွင်၊ (၁) ဂူဘုရားကျောင်းများ (၂) ဝိဟာရကျောင်းများ (၃) ကျောက်တိုင် ကျောက်စာများ (၄) (TOPES) တုပ်ခေါ် ထူပါများ BHILSA ဗီလစာအနီးမှ SANCHI ဆန်ချီအုပ်စု သာသနာဆိုင်ရာ အဆောက်အဦးများ အကြောင်းကို

ဖော်ထုတ်ပြီး ရေးဌာပနာတိုက် စေတီပုထိုးများကို ဖော်ထုတ်ခဲ့သည်။

မြန်မာပြည်တွင် "ရာမညတိုင်းသုံးရပ် ဓာတ်တော်သမိုင်း" (၁၂၇၃ ခု၊ ရန်ကုန်မြို့၊ မြန်မာ့သြဘာပုံနှိပ်တိုက်) စာအုပ်တွင် သက္ကရာဇ် ၁၁၅၄ ခု တန်ခူးလဆန်း ၇ ရက်နေ့က၊ မုတ္တမမြို့နေ မဟာပိန္နဲ ဘုန်းတော်ကြီးတွင် မွန်ဘာသာအက္ခရာ စာစောင်ရေ ၃၂ အင်္ဂါ၊ ၄၇ အင်္ဂါကို မြန်မာဘာသာ ပြန်ဆိုစေဟု ဘိုးတော်ဘုရား အမိန့်တော်မှတ်ရှိရာ တောင်ဘီလူးလူထွက် (င) ဦးပေါက်၊ ပြန်ဆိုသည့်တွင် (တလိုင်း) မွန်သံတော်ခံကြပ်မတ်၍ ပြန်ဆိုသော စာ – ၌ – ရှေးရှေးအခါက ဗုဒ္ဓဆိုင်ရာ ဆံတော်ဓာတ်၊ သွားတော်ဓာတ်များကို ဌာပနာ၍ စေတီမတည်မီ၊ ကျောက်ထီး ကျောက် သည်တိုင်၊ ကျောက်ဖျာဝန်း ကျောက်လုံးတို့ကို သက်သေပြုသောအားဖြင့် ဌာပနာတိုက်ပေါ်၌ စိုက်မြှုပ်ထားခဲ့သော ဓာတ်တော်တို့ကို ကိုးကွယ်ထိုက်သော သူတို့သည် စေတီတည်လုပ်၍ ကိုးကွယ်ကြကုန်၏ဟူ၍ ရေးထားသည်။ ဤ အချက်ကို ထောက်ထားပြီး သမိုင်းဦးခေတ် ကျောက်ခေတ်ကုန်၍ သံခေတ် ပေါ်စအခါ (MEGALITHIC) မီဂါလစ်သစ်အချိန်က ရှေးလူတို့ ခလေ့ ကျောက်တုံး ကျောက်တိုင်စိုက်၍ သင်္ဂြိုလ်မြှုပ်နှံကြသည့် ပုံစံနှင့် နှိုင်းချိန် ကြည့်နိုင်ပေသည်။

ယင်းသို့သော အကြောင်းများကြောင့် မန္တလေးတိုင်း သာစည်မြို့နယ်၊ ရွာကြီးကျေးရွာအုပ်စုမှ ရွှေယင်မျှော်ဘုရားကြီးသည် အိန္ဒိယပြည် အသောက မင်းကြီး စေလွှတ်သော သာသနာပြုအဖွဲ့မှ မူလတည်ထားသည်မှာ မှန်လှပေ၏။ ဗုဒ္ဓသာသနာသည်လည်း ရှေးရှေးဘီစီ သုံးရာစုနှစ်ရာစုကပင် ရောက်ရှိမည် မှာ မလွဲပေ။ အချို့ဘုရားသမိုင်းများအရ၊ ဗုဒ္ဓထင်ရှားရှိစဉ်ကပင် မြန်မာနိုင်ငံသို့ သာသနာပြန့်ပွားပြီဖြစ်ကြောင်း ယုံမှားဖွယ်မရှိပါချေ။ ထို့ကြောင့် ဗုဒ္ဓ ဓမ္မ သံဃ ရတနာသုံးပါးကို အမြဲဆည်းကပ်ကြ၍ သာသနာကြီး အရှည်တည်တံ့ စေရန် အားထုတ်ကြစေကြောင်း နှိုးဆော်အပ်ပါသတည်း။

ဦးမောင်မောင်တင်
မြန်မာ့သမိုင်းအဖွဲ့ဝင်
ရန်ကုန်မြို့။

နေ့စွဲ။ ၁၉၉၄ ခု ဖေဖော်ဝါရီလ (၂၂) ရက်။

# (ည)

## ရွှေယင်မျှော်ဘုရားသမိုင်း

### နိဒါန်း

သာသနာတော် သက္ကရာဇ် (၂၃၅) ခုနှစ်သို့ ရောက်သောအခါ သီရိဓမ္မာသောကမင်းသည် အရှင်ယောနကမထေရ် အမှူးရှိသော မထေရ်ကြီးများနှင့်အတူ လူမျိုးဘာသာ သာသနာ တိုးတက်ထွန်းကားရေးကို ရှေးရှု၍ တိုင်းခန်းလှည့်လည်တော်မူခဲ့၏။

ထိုအခါ မြန်မာနိုင်ငံတော် မန္တလေးတိုင်း သာစည်မြို့နယ်၊ ရွာကြီးကျေးရွာအုပ်စုအနီး (ယခုအခါ ရွှေယင်မျှော် စေတီတော်တည်ရှိရာနေရာ) ဤနေရာ ဤဌာနသို့ ရောက်တော်မူခဲ့လေ၏။ မင်းကြီးပင့်ဆောင်ကိုးကွယ်သော ဓာတ်တော်မွေတော်များသည် ဗုဒ္ဓမြတ်စွာ ဘုရားရှင်တော်မြတ် (၂) ဆူပုံဟန်တန်ခိုးပြာဋိဟာ ပြတော်မူ၍ ကောင်းကင်မှ သက်ပြီးလျှင် အရှေ့အရပ်သို့ မျက်နှာမူကာ ရပ်တည်စံပါယ်တော်မူလျက် လူနတ်ဗြဟ္မာတို့၏ အပူဇော်ကို ခံယူတော်မူခဲ့လေသည်။ သီရိဓမ္မာ သောကမင်းသည် ဗုဒ္ဓဘုရားရှင် ညွှန်ပြသည့် ဒေသမြတ်မြေရပ်၌ ရွှေမုဋ္ဌောစေတီတော် (ရွှေယင်မျှော်စေတီတော်) ကို ဦးစွာအစ ပထမတည်ထားတော်မူခဲ့လေသည်။

ပေါက်ကံရာဇာ အနော်ရထာမင်းသည် တိုင်းခွင်လှည့်လည်ရာ ရွှေမုဋ္ဌောစေတီတော် (ဤရွှေယင်မျှော်စေတီတော်) ၏ အနီးသို့ ရောက်သောအခါ ဆင်ဖြူတော်အက မခံသဖြင့် ဆင်ဖြူတော်ကို ရှေ့ထားလျက် အမျက်များနှင့် စူးစမ်းရှာဖွေရာ ရွှေမုဋ္ဌောစေတီတော် (ရွှေယင်မျှော်စေတီတော်) ကို ဖူးတွေ့ရလေသည်။ စေတီတော်၏ အထက်မှ ဥဒေါင်းပမာဏ ရွှေယင်ကောင်သဏ္ဌာန် ပြဋိဟာပြ၍ တောင်စူးစူးသို့ ပြန်ကြွသည်ကို မျှော်၍ ဖူးလိုက်ကြရ၏။

အနော်ရထာမင်းသည် မိမိအမြဲ ပင့်ဆောင်ကိုးကွယ်နေသော ဗုဒ္ဓမြတ်စွာ၏ နလုံးတော်ဓာတ်ကို ပတ္တမြားကြုတ် စသည်တို့၌ အထပ်ထပ် ထည့်သွင်း၍ ရွှေမုဋ္ဌောစေတီတော် (ဤရွှေယင်မျှော်စေတီတော်) တွင် ဌာပနာတော်မူခဲ့လေသည်။ ဗုဒ္ဓမြတ်စွာ၏ နလုံးတော်ဓာတ်သည် မြတ်စွာဘုရား၏ သက်တော်ထင်ရှား ရုပ်သွင်သဏ္ဌာန်အဖြစ် ဖန်ဆင်းတော်မူ၍ ကောင်းကင်သို့ ပြန်ကြွတော်မူပြီးလျှင် လူနတ်ဗြဟ္မာတို့၏ အပူဇော်ကို ခံတော်မူလျက် ရောင်ခြည်တော် ခြောက်သွယ် ကွန့်မြူးတော်မူခဲ့၏။

ဤသို့ ဗုဒ္ဓမြတ်စွာ၏ နလုံးတော်ဓာတ်သည် မြတ်စွာဘုရား သက်တော်

## ရွှေယင်မျှော်ဘုရားသမိုင်း

ထင်ရှား ရုပ်အသွင်ကို ဖန်ဆင်းတော်မူလျက် အနော်ရထာမင်းကြီးအား ဗျာဒိတ်ပေးသနားတော်မူခြင်း စသည်အံ့ ကိုးပါးတို့သည်ပင်လျှင် အံ့ဘွယ်သူရဲ ထူးကဲသော အဖြစ်အပျက်များပင် ဖြစ်လေသည်။

ထို့ပြင် မကြာသေးမီ နှောင်းခေတ်၌လည်း အဟိတ်တိရစ္ဆာန်ဖြစ်သည့် (ဝက်ကြီး) သည် သတ်မှုဘေးမှ ကင်းဝေးစေမှုအတွက် ဘုရားကြီး၏ ခြေတော်ရင်းသို့ လာရောက်ခိုနား ဝပ်တွားနေခြင်းသည်လည်း ထူးခြားအံ့ဖွယ်ရာ တစ်ရပ်ပင်ဖြစ်လေသည်။


ဤသို့ ထူးဆန်းအံ့သြဘွယ်ရာ ဖြစ်စဉ်အဖြာဖြာတို့သည်ကား ဗုဒ္ဓမြတ်စွာ ဓာတ်တော်များ၏ အစွမ်းသတ္တိ တန်ခိုးအာနုဘော်များကြောင့်သာ ဖြစ်ပေါ်လာရခြင်းအတွက် အားလုံးသော ရဟန်းရှင်လူ ပြည်သူအများ စိတ်စေတနာ သဒ္ဓါတရား ပိုမိုတိုးပွားနိုင်ကြစေရန် ရည်သန်၍ –

ဤရွှေယင်မျှော်ဘုရားသမိုင်းကို ရှေးသမိုင်းဟောင်း အစောင်စောင် ရာဇဝင်၊ ချေင်း၊ မော်ကွန်း ကျောက်စာများကို အပတ်တကုတ် ရှာဖွေစုဆောင်းပြီး တင်ပြပါသည်။

ဦးသူရိယ (ဘုရားကြီးကျောင်းတိုက် သာစည်မြို့ )

## ရွှေယင်မျှော် ဘုရားသို့ လမ်းညွှန်မြေပုံ

စကေး ၁ လက်မ ၂ မိုင်




### ညွှန်ပြချက်

၁။ မြို့နယ်ခြား

၂။ မီးရထားလမ်း

၃။ ကားလမ်း

၄။ ဖွံ့ဖြိုးရေးလမ်း

၅။ သာစည်–သပြေဝလမ်း

၆။ ကျေးရွာ

၇။ ဘုရား



ရွှေယင်မျှော်ဘုရားနှင့်  မေတ္တာတော်ရေကန်ရှုခင်း

## ရွှေယင်မျှော်ဘုရားသမိုင်း

## မန္တလေးတိုင်း သာစည်မြို့နယ် ရွာကြီးကျေးရွာအုပ်စုရှိ ကျော်လေးဆူဝင်

## ဓာတ်ပေါင်းစုံပျော် ရွှေယင်မျှော် ဘုရားသမိုင်း

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

တိစေတျံ ဝါ တိစေတိယံ၊
တိလောကဂ္ဂံ တိပုဇိတံ။
တိဒါယကံ တိဓာဝန္ဒေ၊
တိဌံစိရံ တိစေတိယံ။

(စက္ကပဒုမုပ္ပလဂါထာ)

တိဒါယကံ၊ လူနတ်နိဗ္ဗာန် သုံးတန်ချမ်းသာ ပေးတတ်စွာသဘော။ တိပုဇိတံ၊ ဗြဟ္မာနတ်လူ၊ သုံးဘုံသူသည်၊ ကြည်ဖြူကော်ရော် ပူဇော်အပ်တော်မူထသော။ တိလောကဂ္ဂံ၊ လူသုံးဦးတို့ထက် အထူးသဖြင့် မြတ်တော်မူထသော တိစေတိယံ၊ ပရိဘောဂစေတီ၊ ဓာတုစေတီ၊ ဓမ္မစေတီဟု ဆိုအပ်သော သုံးပါးစေတီကို ဝါ၊ တစ်နည်းကား။ တိစေတျံ၊ ကိုယ်တော်၏ အစိတ်ဖြစ်သော ဓာတ်တော်တို့ကို ဌာပနာ၍ တည်ထားအပ်သော သာရီရိကစေတီ၊ မြတ်စွာဘုရား အသုံးအဆောင်ဖြစ်တော်မူသော ရေစစ်၊ ခါးပမ်း၊ သင်္ကန်း၊ သပိတ် စသည်တို့ကို ဌာပနာ၍ တည်ထားအပ်သော ပရိဘောဂစေတီ၊ မြတ်စွာဘုရား ကိုယ်တော်အား ရည်မှတ်၍ သွန်းလောင်းရေးထု ပြုစုကိုးကွယ်အပ်သော ဆင်းတုတော်စသော ဥဒ္ဒိဿစေတီဟု ဆိုအပ်သော သုံးပါးသော စေတီကို။ တိမာ၊ ကာယဝစီ၊ မနောချီ၍၊ သုံးလီသောရှိခိုးခြင်းဖြင့်။ ဝန္ဒေဝန္ဒာမိ၊ ရှိခိုးပါ၏။

တိစေတိယံ၊ သုံးပါးသောစေတီတော်သည် စိရံစိရကာလံ၊ ရှည်မြင့်စွာ အနှစ်ငါးထောင် (၅၀၀၀) ပတ်လုံး၊ တိဋ္ဌ-တိဋ္ဌတု၊ တည်ပါစေသတည်း။

### ဘုရားလောင်းရွှေသမင်

ခုနစ်သချေ်၊ တွက်ရေပြန့်ပြော၊ စိတ်ကစော၍၊ မနောပဏိမိလည်း၊ ရှိတော်မူထသော၊ ထိုနောက်တထွေ၊ ကိုးသချေ်မှာ၊ နှုတ်လျှာမြွက်ဘိ ဝစီပဏိမိ လည်း၊ ရှိတော်မူထသော ခုနစ်ကိုးထွေ၊ လွန်လေတုံခြောက်၊ ဆယ့်ခြောက် သချေ်၊ ကပ်လုံးကျေ၍ လူဆွေမြတ်မွန် သောင်းဆယ်ပြန်နှင့် လေးတန်တွက်ရေ အသချေ်ထက်၊ ကိုယ်သက်မကြွင်း အကုန်နှင်းလျှက် မြတ်ခြင်းလို့လ၊ ဥဿ

ဟပြု၊ ဘုရားဆုကို ရမှုထိုက်ရာ စုံအင်္ဂါဖြင့် ဒီပင်္ကရာ စောထွင့်ခြာ၏ မိန့်မှာ မြွက်ဟ ဗျာဒိတ်ရသော မူလပဏိမိလည်း ရှိတော်မူထသော -

ဘဒ္ဒကမ္ဘာ အစစွာက၊ မဟာသမ္မတ၊ ဝံသစဉ်ဆက်၊ နန်းတက်နှင်နှင် မျိုးသန့်စင်သော သာကီဝင်မင်းတို့၏ ဦးစွန်းကျက်သရေ မြူတေသီရိ ဝင်းဝင်း ငြိလျက် မူနသနင်း မင်းထက်မင်း ဖြစ်တော်မူသော မြတ်စွာဘုရားသည်။

ကိုယ်စားတော်ရောင် နှစ်ငါးထောင်လျှင် တိုင်အောင်ရှည်ကြာ ငါ့ရပ်ရာ သည် အင်္ဂါကိုးထွေ တည်ရစ်စေဟု သံရှည်အေးလှိုင်း မြွက်ခဲ့တိုင်းလျှင် သမိုင်းခေတ်ခါ သာသနာ၏ တည်ရာတမူလည်း - ဖြစ်ထသော။

မြန်မာ့ရပ်မြေ ကျွန်းသပြေဝယ် သရေခေတ္တရာ ပြည်သာအစ မန္တလ နဂရာ အဆုံးရှိသော ရှစ်ပြည်ထောင်ကို ကုန်အောင်မကြွင်း သာပွင့်လင်း၍ သတင်းကျော်စော ဇမ္ဗူကြောဝယ် အံ့ဩစရာ၊ မိတ္ထီလာမှ တာငါးထောင်ကွာ ပါစိနာဌ (အရှေ့တောင်) ခေမာကူးရိပ် ကူးတို့ဆိပ်ဖြစ်ထသော။

သုနာပရံ တမ္ပဒီပ မြန်မာ့ရပ်ဌာန် ကျော်လေးတန်အဝင် ရွှေယင်မျှော် စေတီတော် တည်ရာအရပ်၌ မြတ်စွာဘုရား အလောင်းတော် ရွှေသမင်အဖြစ် ကိုးကြိမ် ကြိုးကြာအဖြစ် လေးကြိမ် ဖြစ်ဖူး၏။

## ၁။ သီရိဓမ္မာသောကမင်း

သာသနာတော် သက္ကရာဇ် (၂၃၅) ခုနှစ်သို့ ရောက်သည်ရှိသော် အိန္ဒိယပြည် မဇ္ဈိမဒေသ ပါဋလိပုတ် နေပြည်တော်တွင် သီရိဓမ္မာ သောကမင်း ကြီးသည် တတိယ သင်္ဂါယနာတင်ပြီး၍ ကိုးတိုင်းကိုးဌာနသို့ သာသနာပြုရန် ရဟန်းတော်များကို ပန်ကြားလျှောက်ထား စေလွှတ်ပြီးလျှင် -

မိမိသည် အရှင်ယောနကမထေရ် အရှင်ဓမ္မရက္ခိတမထေရ်တို့ ကြီးမှူး သော မထေရ် (၆) ပါးတို့နှင့်အတူ ဤရွှေယင်မျှော်စေတီ တည်ထားအံ့သော ဘူမိနက်သန် မြေမြတ်မွန်အရပ်သို့ ရောက်သောအခါ ယာယီနန်း၌ စံမြန်းတော် မူလျက်နေစဉ် -

စေတီတည်ရန် အရပ်ဌာန၌ ပရိက္ခရာရှစ်ပါးနှင့်တကွ ဗုဒ္ဓရှင်ပင် မြတ်စွာနှစ်ဆူသည် ကောင်းကင်မှသက်၍ အရှေ့သို့ မျက်နှာမူပြီး ရပ်တော် မူလျက် နေတော်မူဟန်ကို ဖူးမြော်မြင်တွေ့သည်ဖြစ်၍ အားရနှစ်သက် ဝမ်းမြောက်ဝမ်းသာရှိလှသဖြင့် ဗုဒ္ဓရှင်ပင် မြတ်စွာနှစ်ဆူရပ်တော်မူရာ အရပ်

တွင်ပင် စေတီတော်တည်ရန် စီမံတူးဖော်စေကုန်သည်။

ထိုအရပ်၌ သီရိဓမ္မာ သောကမင်း စေတီတည်သည်ကား –ဘုရားနှစ်ဆူ ပရိက္ခရာရှစ်ပါးနှင့် ကောင်းကင်မှရပ်လျှက် အရှေ့သို့ မျက်နှာမူ၍ တန်ခိုး ပြတော်မူဟန်ထုပြီး ဌာပနာတိုက်ထားရာမြေကို သံတောင်ခြောက်ဆယ် (၆၀) တူး၍၊ အကုံရုံနတ်သား ဣန္ဒကနတ်သားတို့သည် နတ်သားတစ်ထောင်နှင့် တကွ ဟိမဝန္တာတောင်မှ ဆောင်ယူအပ်သော ပြိုးပြိုးပြက်ပြက် အရောင်ရှိသော အလျားဆယ်တောင်၊ အနံရှစ်တောင်ရှိသော မြကျောက်ဖြာ ခြောက်ချပ်ကို ခင်းကာ ပိတ်ဖုံးလျှက် –

သိကြားမင်းသည် လက်ျာမျက်ကွင်းတော်ဓာတ်ကို ပတ္တမြားကြုတ်နှင့် ရှေးဦးစွာ သွင်းထား၏။ သီရိဓမ္မာ သောကမင်းလည်း လက်တော်ဖြင့် တမုတ်သော ဇမ္ဗူရစ်ရွှေ စေတီတွင် မွေတော်တစ်ဆူသွင်း၏။ ဗောဓိပင်ရွှေပလ္လင် ထက် ကာလပတ်ကိုင်သော ရုပ်ပွားတော် ရှင်သာရိပုတ္တရာ ရှင်မောဂ္ဂလာန်၊ သီရိဓမ္မာသောကမင်း၊ သိကြားမင်း၊ ဗြဟ္မာမင်းအရုပ်တို့ကို ရွှေစင်တသိန်းစီ ချည်းသွန်း၏။ မြကျောက်ဖျာထက် ပတ္တမြားမြတ်ရှင် အချက်တပ်သည်ကား ယခုတိုင်အောင် အလင်းနှင်နှင့်ဖြစ်၏။

ထိုအထက်၌ စေတီတော် သံတော်လေးတောင် (၄) တောင်၊ ထီးတော် (၅) ဆင့် ရွှေပုဇွန်ခွံဖိနပ်တော်တိုင်အောင် အပြည့်ထည့်၏။ သာသနာတော် (၂၂၄) နှစ်ရာနှစ်ဆယ့်လေးခုနှစ်၊ တန်ဆောင်မုန်းလကစ၍ ပြုလုပ်သည်။ ကဆုန်လပြည့်နေ့သို့ ရောက်မှ ပြီးသတည်း။

သုတေသန ပါမောဇ္ဇဒီပနီကျမ်း၌ ဤရွှေယင်မျှော်ဘုရားတွင် (ဉ, ဝ, ဟ, နိ) ဟူသော အက္ခရာလေးလုံးကို သိကြားမင်းက ခတ်နှိပ်ပူဇော်ထား ကြောင်း တွေ့ရသည်။ ယင်းအက္ခရာလေးလုံး၏ အဓိပ္ပာယ်ကို ပထမ မောင်း ထောင်ဆရာတော်ဘုရားကြီးက အောက်ပါအတိုင်း ဂါထာဖွဲ့၍ အဓိပ္ပာယ် ဖွင့်ဆိုထားပါသည်။

ဉပဂန္တွာ နိမ္မိတေန၊ ဝရဝေသေန နေကဓာ။

ဟရန္တံ သာဓုပူသာဒံ၊ နိရဂ်ဏံ နမေသဒါ။

အနေကဓာ၊ များသောအားဖြင့်။ နိမ္မိတေန၊ ဖန်ဆင်းအပ်သော ဝရဝေသေ န၊ မြတ်သောအသွင်ဖြင့်။ ဉပဂန္တွာ၊ ရှေးရှု၍၊ သာဓုပူသာဒမ။ သူတော် ကောင်းတို့၏ ကြည်ညိုခြင်းကို။ ဟရန္တံ၊ ဆောင်

တတ်သော။ နိရဂ်ဏ်၊ ကိလေသာကင်းတော်မူသော မြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ် (သိကြားမင်း) သည်။ သဒါ၊ အခါခပ်သိမ်း။ နမေ၊ ရှိခိုးပါ၏။

မှတ်ချက်။ ။ ဤပထမဦးဆုံး စေတီတော်၌အမြင့် ပမာဏကို အချို့သော သမိုင်း၌မဆို။ အချို့သော သမိုင်း၌ သံတောင် (၁) တောင်ဟုဆို၏။ အချို့သော သမိုင်း၌ သံတောင် (၄) တောင်ဟုဆို၏။

## ၂။ အနော်ရထာမင်း

သိရိဓမ္မာသောကမင်းနှင့် သိကြားမင်းတို့ တည်ထားခဲ့သည်မှ နောက် နှစ်ပေါင်း (၁၃၅၆) တစ်ထောင်သုံးရာငါးဆယ့်ခြောက်နှစ် တိုင်တိုင် မင်းတို့ ရောက်ပေါက်သွားလာခြင်း မရှိ၊ ကွယ်ပျောက်တိမ်မြုပ်နေလေသည်။

မြန်မာသက္ကရာဇ် (၄၀၁) လေးရာတစ်ခု ပေါက္ကံရာဇာ အနော်ရထာမင်း စောလက်ထက်၌ အနော်ရထာမင်းကြီးသည် များစွာသော စစ်သည်ဗိုလ်ပါ တို့နှင့် တိုင်းခွင်လှည့်လည်ရာ ညောင်ရွှေအင်းတိမ်အရပ်၌ ပေါရိသဘုရား ဘည်ထားပြီးမှ ရှမ်းပြည်မှ အောက်ကျင်းသို့ သက်ဆင်းလှည့်ရောက်တော်မူ လာရာ (ရွှေမုဋ္ဌောစေတီတော်မှ) အရှေ့ (၂) နှစ်တိုင်ကွာခန့်တွင် ကွန်းထောက်ချ နားတော်မူ၏။ တညဉ့် မိုးသောက်ရောက်သောအခါ ခရီးဆက်မည်အပြုတွင် ဆင်ဖြူ (သံမြင်စွာ) ကကြိုး တန်ဆာ အကမခံဖြစ်ခဲ့၏။ ထိုအခါ မင်းကြီးသည် သမားဖြူ၊ သမားညိုတို့အား အကြောင်းကို မေးလတ်သော် ဘေးလောင်းတော် ကောင်းမှုကို ဖူးမြင်စေလို၍ အကမခံသည်ဟု နားတော်လျှောက်လျှင် ဆင်တော် ကိုရှေ့ထား၍ အမတ်များနှင့်တကွ ပုဆိုးအောက်ပိုးကြိုက်လျက် လိုက်ကြသော် စေတီတော်၏ အရှေ့တောင်ဝါး (၄) တောင်ကွာလောက်မှာ ဆင်တော်ဝပ် သည်ကို တွေ့ရှိကြရ၏။ ထူးဆန်းအံ့သြဘွယ်ဖြစ်၍ ဆင်တော်၏ ဦးခေါင်း လှည့်ရာကို လမ္ဗုဆူးရစ်ခြုံများ ရှင်းလင်းခုတ်ထွင်စဉ် (ရွှေမုဋ္ဌော) စေတီတော် အထက်မှ ဦးခေါင်းပမာဏ ရွှေယင်ကောင်သဏ္ဌာန်ပြာငွံတာပြ၍ တောင်စူးစူးသို့ ပြန်ကြွသည်ကို မျှော်၍ကြည့်ရှုလိုက်ကြရ၏။ မင်းကြီးသည် စေတီတော်၏ ဝန်းကျင် လမ္ဗုဆူးရစ်ခြုံတော ပိတ်ပေါင်းများကို ခုတ်ထွင်ရှင်းလင်းစေခဲ့၏။





သမိုင်းဝင် ရွှေယင်ကောင်ရုပ်ထုပုံတော်

စေတီတော်၏အောက်ကို အနက် (၇)ခုနှစ်တောင် တူးစေ၍ သိရိစမ္မာ သောကမင်းကြီး၏ ဓာတ်တော်ကို မတွေ့နိုင်လျှင် တိုက် (၇) ခုနစ်တိုက် ပြု လုပ်လျက် ထိုဌာပနာတိုက်တွင် မင်းကြီးအမြဲတစေ ကိုးကွယ်နေသော ဗုဒ္ဓ၏ နလုံးတော်ဓာတ်ကို ပတ္တမြားကြုတ်နှင့်ထည့်ပြီးမှ ရတနာကွမ်းခွက်တွင် သွင်း၍ ရွှေစေတီဖုံးအုပ်ပြီးလျှင် အထွတ်ဖျား၌ ကြက်ဥပမာဏရှိသော ပတ္တမြားမျက်ရှင် ကိုတပ်ရာ ယခုတိုင်အောင် အလင်းနှင်နှင်ဖြစ်စေ၏။ သတ္တဌာန ရုပ်တော် ဓာတ်တော် ကွမ်းခွက်ကို မင်းကြီးရွက်ဟန်၊ အဂ္ဂသာဝကနှစ်ပါး၊ ဆင်တော် သံမြင်ခွာ နတ်မြင်းငါးစီး၏ ရုပ်တုများကို ရွှေစင်ကျပ် တစ်သိန်းစီ ချည်းသွန်း လုပ်ထားတော်မူသည်။

ဓာတ်တော်တိုက်မပိတ်မီ နလုံးတော် ဓာတ်သည်ပရိက္ခရာ၊ ရှစ်ပါးနှင့်တကွ အထက်သို့ ကြွပြီးလျှင် ကောင်းကင်ထက်မှာ နတ်တို့၏ အပူဇော်ကိုခံ၍ ရောင်ခြည်တော်ခြောက်သွယ် လွှတ်တော်မူလျက် ငါ၏ တကာတော်မင်းကြီး သည် ယခုသာ ကျေးဇူးကြီးသည်မဟုတ် ပုလဲလည်း ဆင်မင်းဖြစ်သောအခါ ကလည်း ငါဘုရားအား ပြုစုလုပ်ကျွေးသော ကျေးဇူးများလှပေ၏။ နောက် သောအခါ ငါကဲ့သို့ ဘုရားဖြစ်လိမ့်မည်ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူပြီး မှ ဌာပနာတိုက်သို့ ဝင်စံတော်မူ၏။ မင်းကြီးသည် ဓာတ်တော်တိုက်ကို ပိတ် စေပြီးလျှင် အထက်၌ စေတီသံတောင် (၇) ခုနှစ်တောင် ထီး (၅)ဆင့်ထပ်မံ ပြုလုပ်ပြီးလျှင် ရွှေပုဇွန်ခွံ ဖိနပ်တော်တိုင်အောင် ကပ်လှူတော်မူ၏။

ထိုစေတီ၏ အနောက်တောင်ထောင့်၌ သံတောင် (၉) ကိုးတောင် ဌာပနာတိုက် တူးဖော်ပြီးလျှင် ကျောက်ဖျာလေးချပ်ကို လေးထောင့်စပ်စပ်ကာ ရံလျက် ဆံတော်တဆူကို မြကြုတ်တွင်ထည့်၍၊ တဖန် သံတောင် (၁)တောင် သာရှိသော ရွှေစစ်စေတီ၌ မြကြုတ်ကိုထည့်ပြီးကာလ ရွှေစေတီ၏အထွတ်တွင် တစ်တိုက်လုံး လင်းစေရန် ပတ္တမြားတပ်ပြီးလျှင် ဌာပနာတိုက်သို့သွင်း၏။ ဆံတော်စေတီကို မင်းကြီးဖတ်၍နေဟန် အရုပ်၊ ဗြဟ္မာမင်း၊ သိကြားမင်း၊ စတုမဟာရာဇ်၊ နတ်မင်းကြီးလေးဦးတို့၏ အရုပ်သည်ကား ရွှေစင်တစ်ထောင်စီ ချည်းပြုလုပ်သတည်း။

ရွှေစေတီ တော်၏ အထက်နံပါးလေးထောင့်တွင်လည်း အဌဝီသ နှစ် ကျိပ်ရှစ်ဆူ ရုပ်တုတော်တို့ကို ရွှေစင်သွန်းလုပ်ဌာပနာပြီးမှ ကျောက်ဖျာပိတ်၍

၎င်းအထက်က သံတောင် (၄) တောင်ကျော် စေတီတည်ထားပြီးသော် ထီးတော် နှစ်ဆင့်တင်တော်မူသတည်း။ စေတီတော်ကိုလည်း (ရွှေယင်မျှော်စေတီတော်) ဟု သမုတ်တော်မူခဲ့သည်။

ရွှေယင်မျှော်စေတီ၏ အနောက်တောင်ဘက်ဝါး (၄) တာခြားတွင် သံတော် (၅) တောင်ကျော်တူး၍ အုတ်အင်္ဂတေ မွမ်းမံပြီးလျှင် ပတ္တမြား (၅) တင်းထည့်ပြီးမှ ထိုပတ္တမြားစွာလယ်တွင် မွေရှင်တောင် (၂) ဆူကို ပတ္တမြား ကြုတ်နှင့်ထည့်၍ ဌာပနာတိုက်အတွင်း သွင်းထားပြီးနောက် ကျောက်အုတ် တို့ဖြင့် ပိတ်ဖုံးမွမ်းမံလျက် အထက်က (၃) နှစ် စွဲကိုင်ပြီးသော နဂါးပတ်ချွန်းရိုးကို မင်းကြီးကိုယ်တိုင် လက်တော်နှင့်ကိုင်၍ –


"အကျွန်ုပ်သည် လူတွင်ထင်ရှား ဘုရားဖြစ်လတံ့မှန်ပါလျှင် ယခု စိုက်သော နဂါးပတ်ချွန်းရိုးသည် နေ့ချင်းပင် ညွန့်ရှင်လန်းလန်းပေါက်စေ သော်" ဟု နံနက်စောစောက ပနက်ခိဌာန်၍ စိုက်တော်မူလတ်သော် နေ့ချင်း ပင် အညွန့်ထွက်သဖြင့် "မေတ္တာပန်း" ဟု လှမ်းဆွတ်ယူ၍၊ မင်းကြီး ဦးခေါင်း၌ ပန်ဆင်ပြီးမှ –

"အရှင်ဘုရား အကျွန်ုပ်ကား ပန်ဆင်ရပြီ၊ နောက်ပါအပေါင်းတို့ ပန် ဆင်ရအောင် အညွန့်ထွက်ပါစေသား" ဟု ဆုတောင်းပြုပြန်သည့်ကာလ မိုး သောက်လတ်သော် ထပ်၍ တဖန်ထွက်လာပြန်သဖြင့် နောက်ပါအမတ်ရစ် သောင်းတို့အား မင်းကြီးကိုယ်တိုင် လက်နှင့်ကိုင်၍ စေ့အောင်ကမ်းလှမ်းသဖြင့် ပန်ဆင်ကြရကုန်သတည်း။

ထို့နောက်တဖန် "အရှင်ဘုရား ကျွန်ုပ်ဌာပနာသော ပတ္တမြားတို့သည် နောင်လာလတ္တံ့သောသူတို့ ပူဇော်လိုသော စိတ်ရှိလျှင် ဂူတွင်းကတက်၍ မျက်မှောက်ထင်ထင် မြင်ပါစေသား၊ ဤပတ္တမြားတို့ကို လိုချင်သော ဆန္ဒနှင့် သူတစ်ပါးတို့ ထုတ်ယူဆောင်သွားခဲ့သော် တံတိုင်းပြင်သို့ ရောက်လျှင်မပါပဲ ဌာပနာတိုက်သို့ ပြန်၍ ဝင်ရောက်သည်ဖြစ်စေသော်" ဟု ခိဌာန်တော်မူသည်။

စေတီတော်၏ အရှေ့တောင်ဝါး (၇) တာခြားတွင် ဆင်တော် သံမြင်ခွာ ဝပ်သော နေရာတွင်လည်း ဆင်တော်ဝပ်ဟန် ပြုလုပ်ထားပြီးလျှင် –

"ဤဆင်ရုပ်ကိုတက်၍ စီးသော်လည်းကောင်း၊ မှီ၍နေသော်လည်း ကောင်း အုတ်ခဲလုံးတံဖြင့် ပစ်ခတ်သော်လည်းကောင်း၊ ထိုသူတို့သည် နာဖျား



သမိုင်းဝင် ဝါးရုံပင်



ရှေးဟောင်းပေါ်တော်မူ ကျောက်ဆင်းတုဘုရားများ



ရှေးဟောင်း ကျောက်ထီးများ

ယားယံလေအံ့သတည်း၊ ပြုလုပ်မိသောအပြစ်ကို ပူဇော်ကန်တော့ပြန်လျှင် ပြေပျောက်စေသတည်း” ဟုအခိဋ္ဌာန်တော်မူ၏။

ကျောက်ဖြူဆင်းတုတော်ဆူရေ (၃၀) ကိုလည်း ကျောက်ထီးစင်းရေ (၃၀) လှူ၍ ထားတော်မူ၏။

အနော်ရထာမင်းစောလက်ထက်တွင် ရွှေယင်မျှော်စေတီတော်သည် တန်ခိုး ပြာဋိဟာဖြင့် အံ့ကိုးပါးကိုဆောင်တော်မူသည်။

ရွှေယင်မျှော်စေတီတော် အံ့ဖွယ်ကိုးပါး

၁။ အနော်ရထာမင်းစော နဂါးပတ်ချွန်းရိုးတော်ကို အခိဋ္ဌာန်၍၊ နံနက်စိုက်လျှင် တညဉ့်ချင်း အညွန့်ထွက်၍၊ မင်းကြီးပန်ဆင်ရသည်တပါး။

၂။ ထပ်၍ ဓိဋ္ဌာန်ပြန်ရာ အညွန့်အတက် များစွာထွက်၍ အမတ်တို့အား ဝေငှရသည်တပါး။

၃။ ဌာပနာသောပတ္တမြား (၅) တင်း (သို့မဟုတ်) (၅) တောင်းသည် ပူဇော်ရန်အလိုရှိ၍၊ ဓိဋ္ဌာန်လျှင် ပေါ်ပေါက်လာသည် တပါး။

၄။ လောဘရမက်ဖြင့် ယူ၍ တံတိုင်းအပြင်ဘက်သို့ရောက်လျှင် မိမိတည်ရာ အရပ်သို့ ပြန်သွားသည်တပါး။

၅။ ဆင်တော်အကပ်မခံသည်တပါး။

၆။ ဆင်တော်ကိုလွှတ်လျှင် စေတီအရှေ့တောင်က ဝပ်နေသည် တပါး။

၇။ လမ္ဘူခြံ ကင်ပွန်းခြုံကို ခုတ်ထွင်လျှင် ရွှေယင်ကောင် ဥဒေါင်းခန့်ကို မြင်ရသည်တပါး။

၈။ မြတ်စွာဘုရား၏ နှလုံးတော်ဓာတ်ကို ဌာပနာရသည်ကတပါး။

၉။ ဓာတ်တော်မွေတော်တို့သည် ကောင်းကင်ပြင်ဝယ် တန်ခိုးပြ၍၊ အနော်ရထာမင်းကြီးအား ဗျာဒိတ်ပေးတော်မူသည်တပါး။

ပေါင်းကိုးပါးရှိသည်။

ဤသည်ကိုရည်၍ –

ကတင်သော်ဆင်တော်ငြင်း၊ စေတီရင်းဝပ်မျှော်။

ဓာတ်မွေ့ရှင် ရွှေယင်ဖန်လို့၊ ဥဒေါင်းဟန်ပျံကန်ခိုး။

ချွန်းရိုးတော်ညွန့်ရှင်လန်း၊ ပန်းရွက်ဆင့်မော်။

မြေအောက်ရံပတ္တမြား၊ ရှုငြားဘို့ထွက်လာပေါ်သည်။

ဆောင်ယူသော်ငတ်ဆင်း၊ နှလုံးတော်ဌာပနာနှင့်
နော်ရထာဗုဒ္ဓလောင်းကို၊ ရင့်ညောင်းဗျာညွှန်ဖော်တဲ့
ရွှေယင်မျှော်အံ့ဖွယ်ကိုးကို တိုးခဝပ်စင်း ဟူ၍ ဖွဲ့ဆိုလေသတည်း။

## ၃။ ထီးလှိုင်ရှင်ကျန်စစ်မင်း


ထို့နောက် သက္ကရာဇ် (၄၂၆) လေးရာနှစ်ဆယ့်ခြောက်ခုနှစ်၊ မင်းအဖြစ်သို့ရောက်တော်မူသော ထီးလှိုင်ရှင် ကျန်စစ်မင်းသားသည် မူးမတ်ဗိုလ်ပါတို့နှင့် တိုင်းခွင်လှည့်လည်လာရာ၊ ယခုညောင်ရမ်းဟုခေါ်တွင်သော အရပ်သို့ ရောက်သဖြင့် တဲနန်းတော်၌ စံနေရာမပြတ် ကိုးကွယ်လျက်ပါလာသော ဦးခွံတော်ဓာတ်လကျ်ာနားသွေး မွေ့ရှင်တော်ဓာတ် ထို (၃) ဆူ သော ဓာတ်တို့သည် ညဥ့်အခါ ဖျာကြီးရှိမျှ တန်ခိုးရောင်ခြည်မီးလျှံကဲ့သို့ တဲနန်းတော်ထက်ကြွ၍ မြောက်စူးစူးသို့ ပြန်သည်ကို မင်းကြီးရှောင်တခင် မြင်တော်မူက မီးဟူသောအမှတ်ဖြင့် "မီး မီး" ဟု ရောင်ရန်းတော်မူ၏။ ဤသည်ကို အစွဲပြု၍ ထိုအရပ်ကို ရောင်ရမ်းဟု သမုတ်သတည်း။

မင်းကြီးလည်း အကြံတော်ဖြစ်သည်ကား ငါကိုးကွယ်လျက်ပါလာသည့် ဓာတ်တော် (၃) ဆူတို့သည် အနော်ရထာမင်းစော ဌာပနာခဲ့သော ကောင်းမှုတော်နှင့်အတူ ကိန်းဝပ်တော်မူလိုဟန်ရှိသည်။ အတူကိန်းဝပ်တော်မူစေမှ သင့်မည်ဟု အကြံတော်ပြုပြီးလျှင် ရွှေယင်မျှော်စေတီတော်သို့ အရောက်လာ၍၊ အနော်ရထာမင်းကြီး၏ ဌာပနာတိုက်ကို တူးဖောက်ပြီးလျှင်–

သံတိုင်ကြီးတစ်တိုင်ခံ၍ ဇေတဝန်ကျောင်းတော် သဏ္ဌာန် ရွှေစင်အတိ ပြုလုပ်ပြီး ကျောင်းတော်တွင် ရွှေပလ္လင်ထက်၌ မြတ်စွာဘုရားသည် ကာလပတ်အရွက်ကားမြ အရိုးကား သန္တာကိုင်တော်မူ၍ အရှေ့သို့ မျက်နှာတော်မူကာ အဘိဓမ္မာတရားဟောတော်မူဟန် စီမံပြီးမှ ကျောင်းတော်မုန်ကင်း အထွတ်ဖျား၌ ပတ္တမြားရှင်ကို တတိုက်လုံးထွန်းလင်းစေရန် တပ်တော်မူသည်။

မင်းကြီးသည် မိဖုရား (၄) ယောက်နှင့်တကွ တရားနာဟန်အရုပ်တို့ကိုလည်း ဇမ္ဗူရာဇ်ရွှေစင် တစ်သိန်းစီချည်း ပြုလုပ်ပြီးကား ဌာပနာတိုက်သို့ သွင်းသည်။

ဦးခွံတော်ဓာတ်လကျ်ာနားသွေး မွေ့ရှင်တော်ဓာတ် လက်ဝဲနားသွေး



ဗုဒ္ဓမြတ်စွာခြေတော်ရာ

မွေရှင်တော် ခာတ် (၃) ဆူကို ဌာပနာတော်မူပြီးမှ ဌာပနာတိုက်ကို ကောင်းမွန်စွာပိတ်ပြီးနောက် အထက်စေတီတော်ကို ရွှေပုဒွန်ခွဲ အပြည့်ထည့်တော်မူသည်။ အနော်ရထာမင်း လှူသမျှကိုလည်း ထပ်မံ၍ လှူတော်မူသည်။

## ၄။ အလောင်းစည်သူမင်း

ထို့နောက် စကြာရှင် အလောင်းစည်သူမင်းသည် သက္ကရာဇ် (၄၅၇) လေးရာငါးဆယ့်ခုနစ်နှစ်သို့ ရောက်သောအခါ ဗိုလ်ခြေနှစ်သိန်းအမတ်ရစ်သောင်း ခြံရံကာ နောက်တော်ပါ ဆင်စကြာနှစ်စီးနှင့်တကွ တိုင်းခွင်လှည့်လည်ရာ ညောင်ရွှေအင်းတိမ် ရေလည်တွင် (၄) လေးနှစ်စံနေတော်မူ၏။

ထိုအခါ မြန်မာကဲ့သို့ ဦးသျှောင်နှင့်ချည်း ဖြစ်ကြသဖြင့် မိန်းမပုံဟန်ဆံထုံး ထုံးပြီးသော် နန်းတော်တွင်းသို့ ဝင်ရောက်၍ ကိုယ်လုပ်တော်တို့နှင့် ချစ်ကျွမ်းဝင်ပြုလုပ်သော ယောကျ်ားတို့ကို ကွပ်မြတ်တော်မူ၏။

ဤသို့ သျှောင်ထားသော် မသင့်ချေဟု ဂုမ်လူမျိုးတို့ကို ရှေ့ဆံကို ရိတ်စေ၏။ ရှမ်းလူမျိုးတို့ကို ပြဲ့ပြဲ့ရိတ်စေ၏။ ယိုးဒယား လူမျိုးတို့ကို မြင်းခွာကဲ့သို့ ရိတ်စေ၏။ တလိုင်းလူမျိုးတို့ကို ပတ်လည်ရိတ်စေ၏၊ ကသည်း ကရင်၊ ကချင်လူမျိုးတို့ကို ရှေ့စီးကို ထုံးစေလေကုန်၏။

တောမီးလောင်သဖြင့် ဖောင်တော်ကို မီးလောင်သောကြောင့် ထိုအရပ်ကို ဖော်လောင်ဟုခေါ်တွင်စေ၏၊ ထိုရပ်တွင် နေထိုင်သော လူမျိုးတို့ကို ဖောင်လောင် လူမျိုးဟုခေါ်တွင်စေ၍၊ နိလဗိဖ နတ်သစ်စေ့ကို ပေးအပ်စိုက်ပျိုးစေခဲ့သည်။

ထိုလူမျိုးတို့သည် နတ်သစ်စေ့ကို အသီးသီး စိုက်ပျိုးကြသဖြင့် ဖြစ်ထွန်းသောအခါ ကောင်းမွန်စွာစီမံ၍ မင်းကြီးအား ဆက်သလျှင် မင်းကြီးသည် မောင်းမတို့နှင့် ဝေငှသုံးဆောင်တော်မူ၏။

ထိုနေ့ညမှာ အိပ်စက်မပျော် ဒူးကိုဖက်၍ လင်းသည့်ကာလ မင်းကြီးက မောင်းမတို့အား အိပ်စက်ပျော်ကြ၏လောဟု မေးတော်မူလျှင် အိပ်စက်မပျော် ဒူးကိုဖက်၍ လင်းရကြောင်းကို မောင်းမတို့ လျှောက်လျှင် ဤအရွက်ကို "လက်ဖက်" တွင်စေဟု ပညတ်တော်မူ၏။

မင်းကြီးလည်း ညောင်ရွှေ အင်းတိန်တွင် (၄) လေးနှစ် စံတော်မူပြီးသည့်နောက် အောက်ကျင်းမြေညီသို့ ဆင်းသက်လှည့်လည်ရာ ရွှေယင်မျှော်

စေတီအနီးသို့ ရောက်လတ်သော မျက်ကွင်းတော်ဓာတ်နှင့်တကွသော မွေတော်ဓာတ် (၆) ခြောက်ဆူတို့သည် ပရိက္ခရာရှစ်အင်နှင့် ကောင်းကင်သို့ တက်ကြွ၍ တန်ခိုးပြာဋိဟာ ပြတော်မူလျှင် အလောင်းစည်သူမင်းကြီးသည် ဆင်တော်မှ သက်ပြီးသော် မြေတွင်ဝပ်လျှက် အမတ်ရှစ်သောင်း မိုလ်ခြေ အပေါင်းနှင့်တကွ ပူဇော်ကြကုန်၏။

နေမွန်းတည့်သည့်တိုင်အောင် ဓာတ်တော် (၆)ဆူတို့သည် ရောင်ခြည်တော် (၆) သွယ်ကွန့်မြူးကာ တည်လျှက်ရှိရာ အရပ်လေးမျက်နှာ၌ နေသောသူတို့သည် မိမိတို့ဘက်သို့ မျက်နှာတော် လှည့်သည်ဟု ထင်မှတ်ကြရကုန်၏။

ထိုအခါ မင်းကြီးသည် စေတီတော် အရှေ့မျက်နှာက ဥမင်ကဲ့သို့ ဖောက်စေပြီးမှ အလျား (၁၀) တောင် အနံ (၅) တောင်ရှိသော ကျောက်ဖျာ (၆) ချပ်ကိုခင်းကာ ပိတ်ဖုံးလျက် ကြေးပြားအထု တတိုင်ရွှေပြားအထု တတိုင် ကောင်းမွန်စေ့စပ်စွာ ပြုလုပ်၍–

မြကျောက်ဖျာထက်မြတ်စွာဘုရားသည် ခမည်းတော် မယ်တော်တို့အား တရားဟောတော်မူဟန် ရုပ်ပွားတော်၊ အဂ္ဂသာဝကနှစ်ပါး၏ ရုပ်ပွားတော်၊ မင်းကြီးအရုပ်၊ မိဖုရားလေးဦးအရုပ် သားတော်လေးဦးအရုပ်များကို ရွှေစင်တစ်သိန်းစီချည်း သွန်းလုပ်ဌာပနာ၏။ ဆင်စကြာနှစ်စီး (၂) ရုပ်မှာ ငွေစင် တပိဿာ ငါးဆယ်စီ သွန်းလုပ်ဌာပနာ၏။

လက်ျာနားတော်ဓာတ်ကို ပတ္တမြားကြုတ်နှင့်ထည့်၍ လက်ဝဲနားတော်ဓာတ်ကို မြကြုတ်နှင့်ထည့်၍ ဌာပနာတော်မူ၏။

တိုက်တော်အပိတ် မျက်နှာကျက်မှာ ကြာငုံကဲ့သို့ ပြုလုပ်ပြီးလျှင် နေညမပြတ် တတိုက်လုံး ထွန်းလင်းစေရန်အထွက်ဖျားတွင် ပတ္တမြားရှင်တပ်၍ ကောင်းမွန်ခိုင်ခန့်စွာ ဌာပနာတိုက်ကို ပိတ်ပြီးမှ အထက်စေတီတော်ကို သံတောင် (၉) တောင် ထပ်ဆင့် ပြုလုပ်ပြီးကာလ ထီး (၅) ဆင့်ကြာပုံမှန်ကင်း ဆပ်သွားဖူး ငှက်မြတ်နားတို့သည် ရွှေစင်အတိပြီးစေ၏။အထွက်ဖျားတွင် ပြည်တန်ပတ္တမြားနှစ်လုံး တပ်တော်မူသတည်း။ ဖိနပ်တော်တိုင်လည်း ရွှေပုဇွန်ခွံအပြည့် ထည့်တော်မူ၏။

စေတီတော်ကို ပြုလုပ်၍ မပြီးမီ, တမျက်နှာလျှင် ကချေသည်နှစ်ယောက် ကျပတ်လည် လေးဆိုင်း တံပိုးခရာ၊ စောင့်ညှင်း အမြဲတီးမှုတ်စေသည်။



ရှင်အရဟံအမှူးပြုသော သံဃာတော် (၅၀၀) သမုတ်ခဲ့သည့် သိမ်တော်ကြီး

## ရဟန္တာရှင် အရဟံသိမ်

ထို့နောက် မင်းကြီးပင့်ဆောင်လာသော ရဟန္တာရှင် အရဟံ၊ အရှင်ဉာဏ၊ အရှင်အာနန္ဒာ၊ အရှင်သီလဗုဒ္ဓိ၊ အရှင်တိပိဋကနာထ၊ အရှင်ဝိနယဓရတိဿ စသော သံဃာတော်များကို မဟာရံတံတိုင်းအတွင်း စေတီတော် တောင်ဘက်တွင် သိမ်တော်ကြီးကို သမုတ်စေတော်မူခဲ့လေသည်။

## မဟာကန်တော်ကြီး

ဤသိမ်တော်ကြီးကို သမုတ်တော်မူပြီးသည့် နောက်တံတိုင်း အပြင် စေတီတော်၏ အရှေ့မျက်နှာတွင် မူလရှိပြီး မေတ္တာရေကန်ကို တိုးချဲ့၍ မြတ်စွာဘုရား၏ ဘယ်ခြေရာတော်ပုံ ရေကန်အဖြစ် တူးဖော်စေတော်မူ၏။

## ဒက္ခိဏာရာမကျောင်းတိုက်

တံတိုင်းအပြင် စေတီတော်၏ တောင်မျက်နှာတွင် ဒက္ခိဏာရာမ ကျောင်းတိုက်၊ တံတိုက်အပြင် စေတီတော်၏ မြောက်မျက်နှာတွင် ဥတ္တရာ ရာမကျောင်းတိုက်တို့ကိုလည်း တည်ထားတော်မူခဲ့၏။

အရှင်မဟာတိပိဋကနာထမည်သော မထေရ်မြတ်အား ဒက္ခိဏာရာမ ကျောင်းတိုက်ကို တင်အပ်ပြီးလျှင် အရပ်လေးမျက်နှာမှ လာရောက်ကြသော သံဃာတော်တို့အား ပဋိပတ္တိကျင့်စဉ်နှင့်တကွ ပရိယတ္တိ အဘိဓမ္မာ ပါဠိအဋ္ဌ ကထာမူလဋီကာ၊ အနုဋီကာ၊ (၂၄) ကျမ်း နိရုတ္တိပါဠိ သဒ္ဒါကျမ်းတို့ကို မပြတ် သင်ကြားစေတော်မူသည်။

## ဥတ္တရာ ရာမကျောင်းတိုက်

အရှင်မဟာဝိနယဓရတိဿ မည်သော မထေရ်မြတ်အား ဥတ္တရာ ရာမကျောင်းတိုက်ကို တင်အပ်ပြီးလျှင် ဝိနည်း၊ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ၊ သုတ္တန်ပါဠိအဋ္ဌကထာ၊ ဋီကာတို့ကို မပြတ် သင်ကြားပို့ချစေတော်မူသည်။

## ကပ္ပိယကာရကများ

ထိုသံဃာတော်အရှင်မြတ်တို့အား ပစ္စည်းလေးပါး အလို့ငှာ၊ တောင်ကို

တတိုင် မြောက်ကိုတတိုင် ဧရိယာရှိသော လယ်မြေများကို လှူတော်မူ၍ လူနေအိမ်ခြေ (၅၀) ကျွဲရှည်း (၅၀)နှင့်တကွ ကပ္ပိယကာရကထားတော်မူခဲ့လေသည်။

## စေတီတော်အား ငွေအိုးကြီး (၄) လုံး

စေတီတော်ကိုမူကား အရှေ့ကို အလား ကျောက်ဂူပင်းတယ၊ တောင်ကို အလား ရွှေခားချောင်း၊ ရနောင်မြို့သစ်၊ အနောက်ကိုလား အုတ်တဖက်ကာမြို့၊ မြောက်ကိုအလား သာဂရ၊ နယ်လေးရပ် သတ်မှတ်သည့်အတွင်း လယ်ခွန် ယာခွန် နှမ်းခွန် တစ်နှစ်လျှင် အခွန်တော် တစ်သောင်းထွက်ကို လှူတော်မူ၏။ စေတီတော် ပျက်ယွင်းသော် ပြုပြင်လုပ်ဆောင်ရန် ငွေအိုးကြီး (၄)လုံးကို လှူတော်မူ၏။

## အလောင်းစည်သူမင်း သစ္စာတော်

ဤယခု ငါလှူတော်မူသော လယ်ယာတို့ကို ဆိမ်းတစ်ခွက်ခန့်မျှ လက်တစ်လုံးခန့်မျှ မပျက်မယွင်းရအောင် နောင် ငါကဲ့သို့ မင်းအဆက်ဆက်တို့ ကျင့်ဆောင် စောင့်စည်းကြပါမူကား ငါကဲ့သို့ ဘုရားဆုကို ရလွယ်သည် ဖြစ်စေသော်။ စကြာဝတေးမင်းဆုကိုလည်း ရသည်ဖြစ်စေသော် (၃၃)ကျိပ် သုံးယောက်သော သိကြားမင်းတို့ထက် တန်ခိုးကြီးသော သိကြားမင်း အဖြစ်ကိုလည်း ရစေသော်။ ရန်ဘေးအပေါင်းတို့ကို လက်ပြကာဖြင့် အောင်မြင် ပြီးစီးစေသော်။

ငါလှူတော်မူသော မိုးမြေ၊ လယ်ခွန်ယာခွန်တို့ကို တစ်ခွက်တလ လက်ဘက်ခန့်လည်းကောင်း၊ ငွေတချင်ရွေးမျှလည်းကောင်း၊ ဖျက်ယူလေသော မင်း၊ အမတ်၊ ပြည်သားပြည်သူ၊ ရွာသူကြီးရွာသားတို့သည်ကား အထုတယူ ဇနာ၊ အလျားတယူဇနာရှိသော ကျောက်ဖျာကြီးကို မဟာသမုဒ္ဒရာ၌ ချလိုက်လျှင် မပေါ်နိုင်ဘိသကဲ့သို့ အဝိစိ ငရဲကျရောက်စေသော်။ ရန်ဘေးများစွာ တွေ့ကြုံလာက မအောင်မြင်သည် ဖြစ်စေသော်။

ကောင်းမွန်စွာ ပြုစုသုတ်သင်ခြင်း၌ "ငါကဲ့သို့ ပြုစုပေးသော သူတိုသည် တစ်လသွားသော ခရီးကို (၇) ရက်ချင်း၌ ရောက်စေသော်" ဟူ၍ အဓိဋ္ဌာန်



ဝဲဘက်ခြေတော်ရာပုံစံ မေတ္တာရေကန်တော်

ပြုတော်မူခဲ့သတည်း။

## ၅။ နရပတိစည်သူမင်း

ဆင်စကြာရှင် အလောင်းစည်သူမင်းကြီး၏ မြေးတော်လှေစကြာရှင် နရပတိစည်သူမင်းကြီးသည် အရိမဒ္ဒနာပေါက္ကံ ပြည်ကြီးကို သက္ကရာဇ် (၅၃၆) ငါးရာသုံးဆယ်ခြောက် ခုနှစ်တွင် နန်းတက်တော်မူ၍-

ထိုမင်းကြီးသည် ကုန်းကြောင်း ရေကြောင်း တပ်ပေါင်း ဗိုလ်ပါခြံရံကာဖြင့် လှေနာဝါခပင်းနှင့် ရေကင်းခရီး လှေစကြာစီးပြီးလျှင် သက္ကရာဇ် (၅၆၈) ငါးရာခြောက်ဆယ့်ရှစ်ခုနှစ်တွင်တိုင်း ခွင်လှည့်လည်တော်မူသောအခါ ဗလဝါ မုခသို့ ရောက်ပြီး နောက်ပြန်လာတော်မူရာ မလ္လာယုကျွန်းသို့ ရောက်တော်မူက-

မြတ်စွာဘုရား၏ လကျာမျက်လုံးသူလာဓာတ်ကို ရသဖြင့် ပတ္တမြား ကြုတ်နှင့်တကွ ဦးခေါင်းတော်ထက် ရွက်တော်မူကာ လှေစကြာစီး၍ ခရီး ရေလမ်းဖြင့် မြန်းခဲ့သော် ရွှေယင်မျှော် စေတီတော်၏ အရှေ့စူးစူးတာ (၅၀၀) ခန့်လောက် အရပ်သို့ ဆိုက်ရောက်ရာ လှေစကြာမသွားပဲ၊ ရပ်တန့် ရှိနေ သောကြောင့်-

သမားဖြူ၊ သမားညိုတို့ကို မေးတော်မူသော် ရှေးဘေးလောင်းတော်တို့ တည်ထားခဲ့သော ဓာတ်တော်မွေတော်ရှိသဖြင့် အရှင်မင်းကြီးကို ဖူးမြင်စေလို သောကြောင့် နတ်တို့အား တားမြစ်ဟန် အမှန်ဖြစ်ပါသည်ဟု တင်လျှောက်က၊

ဘုရားဓာတ်တော် ကိန်းအောင်းသော စေတီတော်ကို တွေ့အောင် တက်ကိုပစ်၍ ရှာစေတော်မူသောကြောင့် ထိုတောင်ငယ်သည် ယခုတိုင် အောင် "တက်ပစ်တောင်" ဟု တွင်သတည်း။

တက်ကို ပစ်၍ရှာကြသောအခါ စေတီတော်ကို တွေ့သဖြင့် စေတီတော်၏ အနီးအရှေ့မျက်နှာက လှေစကြာဆိုက်ရပ်လျက် မြေကြီးသည်းထန်စွာ လှုပ်သဖြင့် သမားဖြူသမားညိုတို့ကို မေးတော်မူရာ တင်လျှောက်သည်ကား ယခုမြေလှုပ် ခြင်းသည် အရှင်မင်းကြီး၏ ဘုန်းပါရမီကြောင့် မြတ်စွာဘုရားက ရောင်သေး ရောင်ငယ် ရောင်ခြောက်သွယ်တို့နှင့် ပြတော်မူမည်ဟု တင်လျှောက်သည့်အတိုင်း ရှင်ပင်စေတီတော်မှ ရောင်သေးရောင်ငယ် ရောင်ခြောက်သွယ်တို့ဖြင့် ပြတော် မူသည်ကို မင်းကြီးမြင်တော်မူရလျှင် အလွန်ရွှင်လန်းဝမ်းမြောက်တော်မူလှ၍

စေတီတော်အရှေ့မျက်နှာက ဌာပနာတိုက် တူးဖောက်ပြီးလျှင် ကျောက်ဖျာတချပ်ကို ခင်းလျက် လေးချပ်ကိုကာ၍ ခင်းသော ကျောက်ဖျာအထက်၌ ငွေပြားအထုတစ်တိုင် ရွှေပြားအထုတစ်တိုင် ရေမိုးမဝင်အောင် မြဲမြံသိပ်သည်းစွာ ပြုလုပ်ပြီးမှ တံတိုင်းလေးတိုင် အထက်၌ ကြာပုံကြီးအောက်၌ ကြာပုံကြီးနှင့် တကွခံ၍–

လက်ျာမျက်လုံးတော်သူလာဓာတ်ကို ပတ္တမြားကြုတ်နှင့် ထည့်ပြီးမှ တဖန် သင်္ဂနိတ်ရွှေစင်စေတီတော်သို့ ထည့်ပြန်သည်။ သင်္ဂနိတ်စေတီတော်ကို တဖန် ဇမ္ဗူရာစ်စေတီတော်၌ ထည့်ပြီးမှ ၎င်းစေတီတော်အထွဋ်အဖျားတွင် တိုက်အလုံး လင်းစိမ့်သောငှာ ဒေါင်းဥခန့်ရှိသော ပတ္တမြားကို တပ်တော်မူ၍ ဌာပနာတော်မူသည်။

မြတ်စွာဘုရားသည် သုဇာတာလှူသော ဃနာနို့ဆွမ်းကို (၄၉) လေးဆယ့်ကိုးလုပ် ဘုဉ်းပေးတော်မူပြီးမှ နေရဥ္စရာမြစ်၌ ရွှေခွက်မျှောရာ ရပ်တော်မူဟန် ရုပ်တုတော်ကို ဇမ္ဗူရာစ်ရွှေစင် မူးချိန် တစ်သိန်းနရပတိစည်သူ မင်းကြီး ရုပ်တုမိဖုရား ဝေဠုဝတီရုပ်တု၊ မရီးတော် (၄)ဦး ရုပ်တုများကို ရွှေစင်မူးချိန် တစ်သိန်းစီ ချည်းပြုလုပ်ဌာပနာပြီးသော် သေသပ်မြဲမြံစွာ ဌာပနာ တိုက်ကို ပိတ်၍–

ဌာပနာတိုက်၏ အပြင်ကမူကား အရှေ့ဘက်ကကျားစက်နှစ်ခု၊ တောင်ဘက်က ဂုမ္ဘာန်ဘီလူးစက်နှစ်ခု၊ မြောက်ဘက်က ယက္ခိုက်ဘီလူး စက်နှစ်ခုစီ ထားသတည်း။

ဤသို့ စက်နှစ်ခုထားပြီးလျှင် အစိန္တေယျအတိုင်းမသိသော ဘုရားရှင်ပင် တန်ခိုးတော်အားဖြင့် စေတီတော်ကို အန္တရာယ်ပြုအံ့လျှင် လူမိစ္ဆာတို့ မတတ်နိုင်စေကုန်အံ့သတည်းဟု မိဌာန်တော်မူသည်။

အထက်စေတီတော်ကို ရွှေပုဇွန်ခွံ ထည့်တော်မူပြီးမှ ကြာခုံကစ၍ ထီးတော် (၅)ဆင့် တင်လှူတော်မူသည်။

### ၆။ ပင်းယငါးစီရင်မင်း

ထို့နောက် မင်းကိုးဆက်မြောက်ကျော်စွာမင်းလက်ထက် ပုဂံပြည် ပျက်၍ ပင်းယမြို့ တည်ထောင်လျက် စံနေသော မင်း (၃) ဆက်မြောက်

သက္ကရာဇ် (၇၀၄) ခုနှစ်ရားလေးခုနှစ် နန်းတက်သော ငါးစီးရှင်ကျော်စွာ မင်းလက်ထက်–

ရွှေယင်မျှော်စေတီတော်၏ တောင်စူးစူးအရပ်မှ ဘုရားကိုယ်တော် ကဲ့သို့ ကိုယ်တော်စား (၉) ကိုးပါး၊ သံဃာတော် (၉) ကိုးသိန်းနှင့်တကွ ကြွလာတော်မူ၏။ "ငါ၊စီးရှင် မင်းတရားသည် ငါ့အားမဖူးပဲ အဘယ်ကြောင့် ကြာလေသနည်း" ဟု မိန့်တော်မူသည်ကို အိပ်မက်မြင်မက်တော်မူသည်ဖြစ်၍–

(၇) ရက်အတွင်း၌ မှူးမတ်တို့နှင့် စုရုံးတိုင်ပင်တော်မူပြီးလျှင် စစ်အင်္ဂါ လေးပါးနှင့်တကွ ရွှေယင်မျှော်ရှင်ပင်ကို ဖူးမြော်မည်ဟု ချီတက်တော်မူခဲ့ရာ "ဝမ်းသာ" ဟူသောအရပ်သို့ ဆိုက်ရောက်၍၊ ရွှေယင်မျှော် စေတီတော်နီးခဲ့ လာလျှင် "ဝမ်းသာလှ၏" ဟု မိန့်တော်မူသောကြောင့် ထိုအရပ်သည် ယခုတိုင်အောင် "ဝမ်းသာ" ဟု တွင်သတည်း။

ထိုမင်းတရားသည် ရွှေယင်မျှော်စေတီသို့ ဆိုက်ရောက်ကာလ မြောက် မျက်နှာက သံတောင်အလျား (၁၀) ဆယ်တောင်၊ အနံ (၅) ငါးတောင် တူးဖော်ပြီးလျှင် ကျောက်ဖျာအရောင် ဖန်ရောင်အဆင်းကဲ့သို့ တချပ်ကို ခင်းလျက် လေးချပ်ကိုကာလျှက် ဌာပနာတိုက် ကောင်းမွန်စွာ ပြုလုပ်ပြီးကာလ ငွေပြားအထု လက်လေးသစ်၊ ရွှေပြားအထု လက်လေးသစ် ကာသတည်း။

လုံးပတ်လေးထွာရှိသော ငွေတိုက်ကို အောက်အထက်ကြာပုံကြီးနှင့် တကွ လေးတိုင်ကျောက်ဖျာခင်းပြီးလျှင်–

ဂေါတမဘုရားရှင် လက်မတော်နှစ်ဆူကို ပတ္တမြားကြုတ်တွင် တဆူစီ ထည့်ပြီးမှ မြစေတီသံတောင် တတောင်စီတွင် တဖန်ထည့်၍ ငွေသား (၁၅၀) တစ်ရာငါးဆယ်ကျပ်စီ သွန်းလုပ်သော ဆင်ဖြူ (၅) စီးအရပ်ကို စေတီအောက် ကခံ၏။

မြစေတီအထွတ်အဖျား၌ နေ့ညမပြတ် ထွန်းလင်းစေရန် ပတ္တမြားရှင် နှစ်လုံး တပ်တော်မူ၏။ ငွေအတိပြီးသော အဌဝိသရုပ်ထုတော်ကိုလည်း ဗောဓိပင်နှင့်တကွ ဌာပနာတိုက်သို့ သွင်း၍ ကောင်းမွန်စွာ တိုက်ကို ပိတ် သတည်း။

အထက်စေတီတော်ကိုလည်း ဖိနပ်တော်ကစ၍ ငှက်မြတ်နားတိုင် အောင် ရွှေပုဇွန်ခွံ ထည့်တော်မူ၏။

## ၇။ ပထမ မင်းခေါင်မင်း

ထို့နောက် အင်းဝမြို့ကိုတည်၍၊ မင်း (၄) ဆက်မြောက် ပထမ ဘုရင်မင်းခေါင်ကြီးသည် သက္ကရာဇ် (၇၆၃) ခုနှစ်ရာခြောက်ဆယ့်သုံးတွင် နန်းတက်စိုးစံတော်မူသောအခါ ထိုမင်း၏မိဖုရား အတုလဒေဝီကား ဂေါတမ ဘုရားရှင်လက်ထက်က ဗျာဒိတ်ရခဲ့ဘူးသော မိန်းမမြတ်ဖြစ်သဖြင့် မြတ်စွာ ရှင်တော် ရွှေယင်မျှော်သည်နန်းတော်ရှေ့ကောင်းကင်ထက်က ရပ်တော်မူပြီးမှ "တကာတော်မ အတုလကား အဘယ်ကြောင့် ငါ့အား မဖူးမြင် လာဘိသနည်း" ဟု မိန့်တော်မူသည်ဟူ၍ အိပ်မက်ထင်လာက ဘုရင်မင်းခေါင်အား ပြန်ပြော တိုင်ပင်ပြီးမှ ဘုရင်မင်းခေါင်နှင့် အတုလမိဖုရားတို့သည် စစ်အင်္ဂါ (၄) ပါး နှင့် ချီတက်ခဲ့ရာ ရွှေယင်မျှော်စေတီတော်အနောက် စူးစူးတာ (၅၀၀) ငါးရာ အတွင်းခန့်၌ တဲနန်းဆောက်၍ ဖူးမြင်တော်မူလျှင် –

ရွှေယင်မျှော်စေတီတော်သည် နံနက်နေထွက်က မွန်းတည့်တိုင်အောင် ကောင်းကင်သို့ ဈာန်ယာဉ်တက်ကြွတော်မူလျှင် နတ်တို့ သောင်းသောင်းသဲသဲ ပျားကြီးသံကဲ့သို့ ပူဇော်ကြကုန်သတည်း။ ပတ္တမြားတို့သည် မြေပြင်အနှံ့မျှ ကွမ်းသီးခန့် ကျကုန်သည်။

ထိုအခါ မင်းမိဖုရားနှစ်ပါးမှစ၍ လူအပေါင်းတို့ ပူဇော်ကြကုန်သည်ကား၊ ရွှေလက်ကောက်၊ ရွှေလက်ကြုတ်၊ ရွှေနားဋောင်း၊ ရွှေဆံထိုး၊ ရွှေလည်ရွဲ၊ ရွှေလက်စွပ်၊ ပုတီး စသည်တို့ဖြင့် ပူဇော်ကြကုန်၏။ ထိုသို့ အပူဇော်ခံပြီးမှ စံမြဲနေရာ၌ ကိန်းဝပ်တော်မူသတည်း။

မင်းကြီးလည်း ဌာပနာတိုက်ကို စေတီတော်အောက် အနောက်မျက်နှာက တူးဖေါက်၍၊ အလျား (၈) ရစ်တောင်၊ အနံ (၇) ခုနစ်တောင် ကောင်းမွန်စွာ ပြုလုပ်ပြီးမှ ကြေးပြားတထပ်၊ ရွှေပြားတထပ်၊ စီမံခင်းကျင်း ကာရံ ပြီးသော် –

လက်ျာမျက်ရိုးတော်ဓာတ်ကို မြကြုတ်တွင်ထည့်၍၊ တဖန်မြစေတီ၌ ထည့်ပြန်သည်။ ထိုပတ္တမြားစေတီကို သံတောင် (၁) တစ်တောင်ရှိသော ရွှေစေတီ၌ ထည့်သွင်းပြီးမှ တတိုက်လုံး လင်းစေရန် ရွှေစေတီအထွတ်ဖျား၌ ပတ္တမြားရှင် တပ်တော်မူသည်။

အဋ္ဌဝီသဘုရားရှင်ရုပ်တုတော်ကိုလည်း ဌာပနာတိုက်သို့ သွင်းသတည်း။

ဂေါတမဘုရားရှင်ရုပ်တုတော်ကား ရွှေစင်ကျပ်တသိန်း၊ ရှင်သာရိ ပုတ္တရာ၊ ရှင်မောဂ္ဂလ္လာန်တို့ ရုပ်တုတော်ကား ရွှေစင် မူးချိန်တသိန်းစီ၊ မင်းမောင်နှံ နှစ်ပါးအရုပ်ကား ရွှေစင်မူးချိန်တသိန်းစီ၊ မြင်းတော်စိုင်ရာကြီး အရုပ်များကို ရွှေစင်ကျပ်တသိန်း၊ မင်းမောင်နှံနှစ်ပါးအရုပ်မှာ မြတ်စွာဘုရားဓာတ်တော်ကို ဦးထိပ်ထက် လက်အုပ်ချီ၍ တရားနာဟန် ပြုလုပ်ပြီးမှ တိထိ (၁၅) ရက် ပြည့်သောအခါ နေ့၌ ဌာပနာတိုက်သို့သွင်းသတည်း။ အထက်စေတီကိုလည်း ရွှေအပြည့်သင်းချော ရွှေမျက်ပါးလေးထပ်တခါတည်း ပြီးစေ၏။

## ၈။ ဆင်ဖြူရှင်သီဟသူမင်း

ထို့နောက် အင်းဝမြို့ ပထမမင်းခေါင်ကြီး၏ သားတော် ဆင်ဖြူရှင် သီဟသူသည် သက္ကရာဇ် (၇၈၄) ခုနှစ်ရာရှစ်ဆယ့်လေးခု နန်းတက်တော်မူ၍ –

ထိုဆင်ဖြူရှင်သီဟသူမင်းတရားသည် ကမ္ဘောဇတိုင်း ကမ္ဗဒီပတိုင်း၊ ရာမညတိုင်း မောရတိုင်းကြီးတို့၏ အရှင်ဖြစ်သဖြင့် ပြည်၊ တောင်ငူ၊ နှစ်မြို့ကို အလိုတော်ပြည့်သောနှစ်တွင် စစ်အင်္ဂါလေးပါးနှင့်တကွ ဗိုလ်ခြေများစွာ ခြံရံလျက် –

ရွှေယင်မျှော်စေတီတော်ကို ဖူးမြင်အံ့သော်ငှာလာ၍ စေတီတော်ကို ရွှေစင်အတိ ဖိနပ်တော်ကစ၍ ငှက်မြတ်နားတိုင်အောင်ရွှေသင်းချောနှစ်ထပ် ထည့်လှူတော်မူ၏။

## ၉။ အင်းဝမိုးညှင်းမင်း

ထို့နောက် အင်းဝဘုရင် မိုးညှင်းမင်းတရားသည် သက္ကရာဇ် (၇၈၈) ခုနှစ်ရာရှစ်ဆယ့်ရှစ်ခုနှစ်တွင် နန်းတက်စိုးစံတော်မူ၏။ မိုးညှင်းမင်းတရား အကြောင်းကား ပုဂံနရပတိစည်သူမိဖုရားငယ်တွင် ဖွားမြင်သော သမီးတော် ကျောင်းတော်သည်နှင့်အနန္တသူရိယ စုံဖက်တော်မူရာတွင် “သိဒ္ဓိကာ” ကို ဖွားမြင်သည်။

သိဒ္ဓိကာတွင် သားတော်ကြီး ရတနာ၊ သားတော်ငယ်ရတနာ သားတော် လမ္ဘုရန္တသူ၊ သားတော်ပေါက်မြိုင်ပုလဲနှင့် နှမတော် စောချစ်ကဲတို့ကို

ဖွားမြင်သည်။ မင်းပုလဲနှင့် ငါးစီးရှင် သမီးတော် ရွှေအိမ်သည်နှင့် စုံဖက်ရာတွင် မြေနဲစောဒီကာကို ဖွားမြင်သည်။

စောဒီကာနှင့် ညောင်ရမ်းစောမွန်နစ်ကြီး သမီးတော်ကို စုံဖက်ရာတွင် မင်းနန်းစည်သူကို ဖွားမြင်သည်။ နောက်ဉဒိန်အမည်နှင့် အင်းဘဲကို စားရသည်။ မင်းခေါင်မင်းဖြစ်လျှင် သတိုးအမည်ဖြင့် မြို့လှကို စားရသည်။ နောက်မိုးညှင်းကို စားရသည်။ မိုးညှင်းက လာ၍ ထီးနန်းကိုရသောကြောင့် မိုးညှင်းမင်းတရားတွင်သည်။

ထိုမင်းတရားကြီး အိပ်မက်မြင်မက်တော်မူသည်ကား – ရှင်ပင်ရွှေယင်မျှော် စေတီတော်မြတ်သည် ဘုရားရုပ်တုတော် (၄) ဆူနှင့် ကြွလာတော်မူလတ်၍ မိုးညှင်းမင်းတရားသည် ဒါနရှိ၏လော၊ သီလရှိ၏လောဟု မောင်းမဲ ဟစ် အော်တော်မူသည်ကို "အလှူကြီးစွာ ပြုရပါ၏" ဟူ၍ ကြောက်လန့်တုန်လှုပ် လျှက် လျှောက်ရကြောင်း အိပ်မက်မြင်သဖြင့် နံနက်မိုးသောက်လျှင် –

ရွှေယင်မျှော်စေတီတော်ကို ဖူးမြင်အံ့သောငှာ မြန်မာပြည် ရှမ်းပြည် အလုံး သိမ်းကျုံးဆင့်ဆော်လတ်၍ အမတ် (၄) သောင်း၊ တိုက်ဆင် (၄) ထောင်၊ မြင်းတသိန်း၊ ဗိုလ်ခြေ (၈) သိန်း ခြံရံလျှက် မိဖုရား (၄) ဦးနှင့် တကွ ချီတက်လာကြပြီးလျှင် အနော်ရထာမင်းစော ကောင်းမှုဌာပနာတိုက်ကို တူးဖေါက်ပြီးကာလ –

ရွှေနဖူးသွေးမွေ့ရှင်တော်ဓာတ်နှစ်ဆူ၊ မြကျောက်စေတီတော်တွင်တဆူ ကိုထည့်၍ တဆူကို ဣန္ဒနီလာစေတီ၊ သံတောင် (၁) တောင်စီတွင် ထည့်ပြီး ဌာပနာသည်။

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ ကမ္ပိမင်းကြမ်းကို ဆုံးမဟန် ကျောင်းတော်နှင့်တကွ ဂေါတမဘုရားရုပ်တုတော်၊ ရှင်သာရိပုတ္တရာ ရှင်မောဂ္ဂလ္လာန် နှစ်ပါးရုပ်တုတော်၊ ကမ္ပိမင်းကြမ်း ရဟန္တာဖြစ်သော ရုပ်တုတော် မိုးညှင်း မင်းတရား မိဖုရား (၄)ဦးနှင့်တကွ တရားနာသော ရုပ်တုတော် –

ဤ(၇)ပါးသော ရုပ်တုတော်တို့ကား ရွှေစင်မူးချိန်တသိန်းစီချည်း ပြုလုပ်ကာ ဌာပနာပြီးမှ ကျောက်ဖျာ (၇) ထပ် သေသပ်မြဲမြံစွာ ပိတ်ပြီးမှ–

အထက်စေတီတော် အချင်း (၂၄) နှစ်ဆယ့်လေးတောင်၊ အစောက် အမြင့် (၃၀) သုံးဆယ်တောင် မွမ်းမံပြီးလျှင် ထီးတော် (၇) ဆင့် တင်



ရွှေယင်မျှော် တောင်စောင်းတန်းမုခ်ဦး

လှူတော်မူသည်။

(ကမ္ဘိမင်းကြမ်း အရုပ်ဆိုသည်မှာ ဇင်းမယ် ပဏ္ဏာသကျမ်းမျိုးတွင် ဇမ္ဗုပတိမင်းကို ချွတ်တော်မူသည်ဟူသော အဓိပ္ပါယ်ကိုယူရန် ရှိသည်ဟု ပညာရှိတို့ မိန့်ကုန်သတည်း။)

ဖိနပ်တော်စကြံကျောက်ဖျာသံတောင် (၁) တောင် အလျား အနံ (၂၀) တောင် အပြည့်မီသည်။

## မဟာရံတံတိုင်းကြီးများ

အရှေ့အနောက် အလျားအတောင် (၁၅၀) တောင်၊ တောင်မြောက် အနံတောင် (၁၄၀) တောင် တံခါးလေးမျက်နှာ အုတ်ပြားသဒ်ပေါင်း ကူးနိုင်ရန် မုခ်လေးထောင့် (ရှင်ပင်စေတီတော်ဘုရား) အရံအတား ပြုလုပ်တော်မူသည်။ ပြုလုပ်သော ငွေကား အလောင်းစည်သူမင်းကြီး (ဘုရားပြုပြင်ရန်) ငွေအိုးကြီး (၄) လုံး မြှုပ်ထားခဲ့သည့်အနက် မြောက်မျက်နှာမှ အစောက် (၆) တောင်ရှိသော ငွေအိုးကြီးတလုံးကိုတူးဖော်၍ လက်ခပ်ကံကျွေး ပြုလုပ်တော်မူသတည်း။

## ၁၀။ သီဟပတေ့မင်း

ထို့နောက် မိုးညှင်းမင်းတရား၏ အမတ်မင်းကြီးစွာ၏ သမက် တောင်တွင်းကြီးမြို့ကိုစားသော စည်သူကြီး၏ညီတော် သီဟပတေ့သည် –

မိုးညှင်းမင်းတရားကို ပုန်ကန်၍၊ အဝမြို့ကိုအတိုက်လာရာ (ယခု အလှည့်ရွာ) ဟုခေါ်သော ရွာသို့ ရောက်မှ လှည့်ပြန်သဖြင့် ထိုရွာကို ယခုအခါ **"အလှည့်ရွာ"** ဟုခေါ်သတည်း။

ဤရွှေယင်မျှော်စေတီတော်သို့ရောက်လျှင် တောင်အရပ်က တပ်တော်ချ၍ ထီးလှိုင်ရှင် ဥာပနာတိုက်ကို ဖွင့်လှစ်ပြီးလျှင် –

မြတ်စွာဘုရားသည် အာဋ္ဌာဝကဘီလူး၏ ဗိမာန်သို့ဝင်၍ ဘီလူးကို **ဆုံးမဟန်** ရုပ်တုတော်ကား ဇမ္ဗူရာဇ်ရွှေနီတုံရွှေ၊ ကာလိမဟာရွှေ ဓမ္မမဟာရွှေ **ဟာရိန္ဒ**ရွှေ၊ ထိုရွှေ (၅) မျိုးတို့ကို ပေါင်းပြီးသော် ကျပ်တစ်သိန်း –

ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလ္လာန်နှစ်ပါး ရုပ်တုတော် အာဋ္ဌာဝကဘီလူး၊

သကဒါဂါမိဖိုလ်ကို ရရှိဟန်ရုပ်တု၊ အာဠဝီမြို့စား ဟတ္ထာဠဝကမင်းသား (၁၆) နှစ်အရွယ်သည် မြတ်စွာဘုရားတရားတော်ကို ကြားနာရလျှင် အနာဂါမ် ဖြစ်သောရုပ်တု၊

မင်းကြီး သီဟပတေ့အရုပ်၊ မိဖုရားအရုပ်၊ သမီးတော်အရုပ် ထို (၇) ပါးသော အရုပ်တို့ကို ရွှေစင်ကျပ်တသိန်းစီချည်း ပြုလုပ်ဌာပနာတော်မူသည်။

လက်ျာလက်သန်းတော်ဓာတ်၊ လက်သူကြွယ်ဓာတ် (၂) ဆူကိုလည်း ရွှေမျိုး (၅) ပါး စေတီတော် သံတောင်တတောင်တွင် ပတ္တမြားကြွတ်နှင့် ထည့်ပြီးလျှင် ဌာပနာတိုက်ကို အလုံးစုံ သွင်းပြီး တည်ထားတော်မူ၏။

## ငွေအိုးကြီး (၄)လုံး

ငွေအိုးကြီး (၄) လုံး တံတိုင်းလေးထောင့်အပြင်ဘက်ကထားသည်ကား- အနက် သံတောင် (၅) တောင် အိုးတွင် အချင်း အနံကား (၄) တောင် အုတ်အိုးပြုလုပ်သွင်းပြီးမှ အထက်က ကျောက်ဖျာ (၅) ထပ် ပိတ်၍ အောက် အနံတောင် (၄) မျက်နှာက (၅) ထပ် စီကာပြီးလျှင်-

ရှင်ပင် စေတီတော်ကို ပျက်စီးယိုယွင်းသော် လက်ခပ်ကံကျေးဖြစ်စေ လိုသော အကြောင်းကို ရည်သန်တော်မူ၍ ထားတော်မူခဲ့လေသတည်း။

"ဤငါမှာသည့်အတိုင်း ဖြောင့်မတ်သော သဘောနှင့် ကောင်းမွန်စွာ ထည့်လုပ်သော သူတို့အား ငါနှင့်အမျှ အကျိုးရစေသော"ဟု အဓိဋ္ဌာန် တော်မူသတည်း။

## ၁၁။ စမုံချောင်းဖျားမင်း

ထို့နောက် သက္ကရာဇ် (၈၉၈) ရှစ်ရာကိုးဆယ့်ရှစ်ခုတွင် မိုးညှင်း မင်းတရား၏ မြေးတော် ရမည်းသင်းစား သီဟသူသည် စမုံချောင်းဖျား မင်းတရားဟူသော အမည်ကို ခံယူသည်။

ထိုမင်းသည် သုဝဏ္ဏပဘာမဟန္တာဟု ခြောက်ဖြာရောင်လွှတ် (၂) ဆူ ဓာတ်ကို သံဂီနိုက်ရွှေစေတီပြုလုပ်၍ အတွင်း၌ ထည့်ပြီးလျှင် ရှစ်မျက်နှာ၌ ပတ္တမြားအထွတ်တပ်၍ သံဂီရွှေစင်ဖြင့် ပြီးသော နှစ်ကျိပ်ရှစ်ဆူနှင့်တကွ၊ ဌာပနာတော်မူပြီးမှ-

အထက်စေတီတော်၏ ရွှေဖေါင်းလုံးတော်ကို တဆင့်နှစ်ဆင့်မြင့်၍၊ ထီးတော် (၉) ဆင့် ပတ္တမြားအထွတ်တွင် ရှစ်သိန်းတန်သော စိန် – ကျောက် ရှင်ကို (၈) မျက်နှာ နေ့ည ထွန်းလင်းစေရန် တပ်ဆင်ထားတော်မူ၏။

သိကြားမင်း၏နေရာ တာဝတိံသာ၌ သုဓမ္မာဇရပ်ကဲ့သို့ ရတနာ အတိပြီးသော (၂၄) လုံးသော ရတနာတို့ဖြင့် ရတနာမှန်ကင်း ထည့်တော် မူသည်။

နေမင်း လမင်းတို့နှင့်တကွ ဟိမဝန္တာတော၌ရှိသော သားမျိုးတို့နှင့် ပြည့်စုံသော ဇရပ်ကြီးကိုလည်း ပြုလုပ်လှူဒါန်းတော်မူခဲ့သတည်း။

## ၁၂။ တောင်ငူဘုရင်သိမ်္ခသူ

ထို့နောက် သက္ကရာဇ် (၉၀၇) ကိုးရာခုနစ်ခုနှစ်တွင်ဇေယျာဝမှနတိုင်း ကေတုမတီတောင်စုပြည်ကြီးကို ပထမမြို့တည်နန်းတည် ဖြစ်တော်မူသော ဘုရင်မင်းရဲ သိမ်္ခသူသည် ခြေသည်သူရဲ၊ မြင်းစီးသူရဲ၊ ဆင်စီးသူရဲ၊ ရထားစီး သူရဲဟု ဆိုအပ်သော စစ်အင်္ဂါ (၄) ပါးတို့ကို ခင်းကျင်းလျက် မင်းကြီး ကိုယ် တော်တိုင် တောင်ငူက ချီထွက်တော်မူလာပြီးလျှင် –

ရွှေယင်မျှော်စေတီတော်အား ထီးတော်ချယားသီးကသည် အောက် ကြာပန်း၊ ကြာစီးများကို ထုတ်ဆောင်၍ အထူးကောင်းမွန်အောင် တိုးမြှင့် ပြင်ဆင် တင်လှူတော်မူခဲ့သတည်း။

**အထူးမှတ်ချက်။** ။ အချို့ကျောက်စာ၌ တောင်ငူဘုရင်သီဟသူဟူ၍ လာရှိသည်။

## ၁၃။ ညောင်ရမ်းမင်း

ထို့နောက် သက္ကရာဇ် (၉၅၉) ကိုးရာငါးဆယ်ကိုးခု ဟံသာဝတီကို တောင်ငူဘုရင်နှင့် ရခိုင်ဘုရင်တို့ ဝန်းရံ၍ လုပ်ကြံတော်မူလျှင်

၂၇၂၇၆

ဆင်များသခင် မင်းတရားကြီး၏ နိုင်ငံတော်ဖြစ်သော တိုင်းကြီးပြည်ကြီး အပေါင်း ထီးဆောင်းမင်းတရားတို့သည် အသီးသီးခြားနားကြလေသတည်း။

ယင်းသောအခါ ညောင်ရမ်းမင်းလည်း ညောင်ရမ်းမြို့ကို နေနိုင်အောင် ပြု၍၊ နေရမှ သင့်မည် အကြံတော်ရှိ၍ မြို့ကိုခိုင်လုံအောင် ကျုံး၊ မြောင်း၊ ကတုတ်၊ ရင်တား၊ စီရင်တော်မူ၍ သက္ကရာဇ် (၉၅၉) ကိုးရာငါးဆယ့်ကိုးခု ဝါဆိုလပြည့်ကျော် (၁၅) ရက် စနေနေ့ သန်းခေါင်ထိန်းလျှင် ရမည်းသင်းမြို့ကို သိမ်းစပြုတော်မူသည်။ ယင်းကစ၍ ဝါးတီး၊ ယင်းတော်၊ လှိုင်းတက်၊ သာဂရ၊ ပင်းတလဲ၊ ပျင်စည်မြို့များကို သိမ်းယူတော်မူ၏။

ထိုအခါ ခပ်သိမ်းသောလူအပေါင်းတို့သည် ကမ္ဘာဦး၌ ကိုးကွယ်ရာ မရှိ၍ ဂေါတမမြတ်စွာဘုရားအလောင်းတော်ကို တောင်းပန်ကြသော် အလောင်း တော်မင်းမြတ်လည်း လူတကာတို့ကို သနားတော်မူသည်ဖြစ်၍ မင်းအဖြစ်ကို ဝန်ခံတော်မူသကဲ့သို့–

သက္ကရာဇ် (၉၅၉) ကိုးရာငါးဆယ်ကိုးခု ဝါခေါင်လဆန်း (၂) ရက်၊ တနင်္လာနေ့တွင် ခပ်သိမ်းသော လူအပေါင်းတို့အား မဟာဂရုဏာတော်တည်း ဟူသော သနားခြင်းဖြင့် တိုက်တွန်းတော်မူအပ်သည်ဖြစ်၍၊

မင်းပြုတော်မူအံ့သောငှာ ရတနာပူရ အင်းဝရွှေပြည်တော်ကြီးသို့ ချီတက် တော်မူ၏။ မင်းလှကန်ဖျားတွင် တပ်ချတော်မူ၏။ ၎င်း ဝါခေါင်လဆန်း (၄) ရက် ဗုဒ္ဓဟူးနေ့ မင်းလှကန်ဖျားက ချီတော်မူ၍ ဇီးတောအရပ်တွင် တပ်ချတော် မူပြီးလျှင်–

ရွှေယင်မျှော်ဘုရားကို ဖူးမျှော်ပူဇော်တော်မူ၍ ရွှေသင်းချော ၂– ထပ် ကပ်လှူပြီးလျှင် ယင်း မျှော်တစ်စီးစား မြေရပ်၊ ကမ္ဘတစ်စီးစား မြေရပ်များသည် မြင်း (၄၅) မရှိ၊ လွတ်လပ်မြေဖြစ်၍ ရွှေယင်မျှော်ဘုရားအား လှူတော်မူအံ့ဟု ရည်မှတ်သည့်အတိုင်း:–

သက္ကရာဇ် (၉၆၁) ကိုးရာခြောက်ဆယ့်တစ်ခု ရွှေနန်းသိမ်းတော်မမူခင် ရွှေယင်မျှော်ဘုရားရှင်အား ဝတ္ထုကံမ မြေအလို့ငှာ ကမ္ဘမြင်းစီးစားမြေ အရှေ့အနောက် တာ (၃၀၀)၊ တောင်မြောက်တာ (၄၀၀) ယင်းမျှော်တစ်စီးစာမြေ အရှေ့အနောက်တာ (၅၀၀) တောင်မြောက်တာ (၁၂၀၀) တို့ကို ရွှေကရား ဖြင့် ရေစက်သွန်းချ၍ လှူဒါန်းတော်မူသတည်း။

## ၁၄။ အနောက်ဘက်လွန်မင်း

ထို့နောက် သက္ကရာဇ် (၉၆၇) ကိုးရာခြောက်ဆယ်ခုနစ်ခု မင်းအဖြစ်သို့ ရောက်တော်မူသော ညောင်ရမ်းမင်း၏ သားတော်ကြီး အနောက်ဘက်လွန်မင်း တရားသည် တောင်ငူမြို့သို့ အလိုပြည့်၍၊ အပြန်တွင် ရွှေယင်မျှော် ဘုရားသို့ ရောက်တော်မူကြောင်းကို ရာဇဝင်က ဆိုသည်။ မည်သည့်ဝတ္ထုကို လှူခဲ့သည်ဟု မဆိုခဲ့ပေ။

## ၁၅။ သာလွန်မင်း

သက္ကရာဇ် (၉၉၆) ကိုးရာကိုးဆယ့်ခြောက်ခုနှစ် မင်းအဖြစ်သို့ ရောက် တော်မူသော သာလွန်မင်းတရားကြီးသည် ရွှေယင်မျှော်စေတီတော်ကို ကြေးနီပြား မွမ်းမံတော်မူသည်ကား ကြေးချိန်ပေါင်း (၂၈၀၁၇၈) နှစ်သိန်း ရှစ်သောင်း တစ်ရာခုနစ်ဆယ့် ရှစ်ကျပ်သားနှင့် မယ်နချွန် (၃၁၇၀) သုံးထောင် တစ်ရာ ခုနစ်ဆယ်ကျပ်သားကို ကပ်လှူပူဇော်ခဲ့သတည်း။

## ၁၆။ ဘိုးတော်မင်း– ပဒုံမင်းတရား

သက္ကရာဇ် (၁၁၄၃) တစ်ထောင့်တစ်ရာ လေးဆယ့်သုံးခုနှစ် မင်းအဖြစ် သို့ ရောက်တော်မူသော အမရပူရ မြို့တည်နန်းတည် ဘိုးတော်မင်းတရားသည် သက္ကရာဇ် (၁၁၅၂) တစ်ထောင်တစ်ရာငါးဆယ်နှစ်ခုနှစ် တန်ဆောင်မုန်းလဆန်း (၈) ရက် သောကြာနေ့တွင် ရွှေစက်တော် အောက်ဆိုက်လာရောက်၍ အမျိုး နှင့်လျော်စွာ သီရိမဟာဂန္ဓဒေဝီ၊ သီရိမဟာပဉ္စာဒေဝီ၊ သီရိမဟာစန္ဒာဒေဝီ ဟူသောမိဖုရားများနှင့် အတူ စစ်အင်္ဂါလေးပါးနှင့်တကွသော စစ်သည်ဗိုလ်ပါများ ခြံရံလျက် ရွှေယင်မျှော် စေတီတော်မြတ်သို့ အဖူးမျှော်လာသောအခါတွင်–

ဝတ္ထုကံမြေ လှူတော်မူသည်ကား မသေမဝပ် ရှိသည်များကို သေချာစွာ ထပ်မံ၍ လှူလိုသော အာသာဆန္ဒအားကြီးလှသောကြောင့် ရွှေယင်မျှော်စေတီ တော်ကို အလယ်ချက်မထား၍ အရှေ့သို့လားသော် တာ (၁၀၀၀) တစ်ထောင် ရှိ ရွာပုလဲမြင်းမြေနှင့် အစပ်၊ တောင်သို့လားသော် တာ (၁၀၀၀) တစ်ထောင်ရှိ မင်းလှမြင်းမြေနှင့် အစပ်၊ အနောက်သို့လားသော် တာ (၆၀၀) ခြောက်ရာရှိ မြင်းကွက်မြောက်ရွာ မြင်းမြေနှင့် အစပ်၊ မြောက်သို့လားသော် တာ (၁၃၀၀)

## ဌာပနာတိုက် ၁၂ တိုက်

ဤသို့ မင်း ၁၇ ဆက်တို့ နှစ်သက်ကော်ရော် ကိုးကွယ်တော်မူကြသော ရွှေယင်မျှော်စေတီတော်ဟောင်း အချင်း (၂၄) တောင်၊ ဉာဏ်တော် အရပ် အတောင် (၃၀)ကို ပျက်စီးယိုယွင်းခြင်း မရှိစေရ။ လေးမျက်နှာ တစ်ဆယ့် တစ်တောင်စီတိုးချဲ့၍ လွှမ်းခြုံထပ်မျိုတည်ထားပြုလုပ်ရာ၊

ဌာပနာတိုက်ပေါင်း (၁၂) တိုက်၌ မြတ်စွာဘုရားဓါတ်တော်(၄၉၀) ဆူ ရဟန္တာဓါတ်တော် (၆၁) ဆူ ကျောက်ဆင်းတုကြေးဆင်းတု၊ ငွေဆင်းတု၊ ရွှေဆင်းတုတော်များစွာတို့ကို ဌာပနာတော်မူကြသည်။


## ကေပိုဒ်ရတု

မင်္ဂလာအောင်မြေ ။ ။ အောင်သမြေမှာ၊ ရောင်ရွှေတက်ထွန်း၊ ရွှေလဝန်းသို့၊ ကျွန်းလုံးထင်ပေါ်၊ ရွှေယင်မျှော်ကို ခုသော်တဖန်၊ ထပ်ဆင့်ပြန်သည်၊ ဉာဏ်တော်တွက်စစ်၊ ငါးဆယ်ရှစ်တည့်၊ ဦးသစ်ရွှေလှော်၊ ထီးတော်ရပ်ဘွဲ့၊ တစ်ဆယ့်လေးတောင်၊ မြင့်ခေါင်ထီးထီး၊ ရွှေတောင်ကြီးသို့၊ ထိန်ငြီးရောင်လျှပ်၊ ရွှေပြားပတ်သည်၊ ဖိနပ်တော်ရောက်၊ ပြီးမြောက်အောင်မြင်၊ တိုင်းခွင်မြန်မာ၊ နှစ်ကောဇာမူ၊ ဆဋ္ဌာအဌ၊ ဒွကေတည့်၊ လတန်ဆောင်မုန်း၊ လုံးလုံးပြီးမြောက်၊ ထွန်းတောက်တေဇာ၊ တိက္ခာဟာသ၊ ဇဝနတွင်မူ၊ ငါဘိက္ခူ သည်၊ များထုဝေနေ၊ ကိုးကွယ်စေဟု၊ စေတီဟောင်းနွမ်း၊ သင်တိုင်းလွှမ်းသည်၊ မိုငြမ်းတမ်းတ မြင့်မြဲတည်း။


## အဖြစ်ဆန်းသည့် ဝက်သတ္တဝါ

ရှေးရှေးမင်းအဆက်ဆက်တို့ ဆည်းကပ်ကိုးကွယ်ခဲ့ကြသော ရွှေယင်မျှော် စေတီကြီးတွင် ပြည်သူပြည်သား လူအများတို့သည် နှစ်စဉ်နှစ်တိုင်း တပေါင်းလဆန်း (၈) ရက်နေ့မှ တပေါင်းလပြည့်ကျော် တစ်ရက်နေ့တိုင် ဇာတ်၊ ရုပ်ရှင်၊ ရုပ်သေး၊ အငြိမ့်၊ ဘားဆပ်ကပ် စသည်တို့ဖြင့် ခမ်းနားသိုက်မြိုက်စွာ ပွဲတော် တည်ခင်းကျင်းပလေ့ရှိကြသည်။

၁၂၉၈– ခုနှစ်၊ တပေါင်းပွဲတော် ကျင်းပနေစဉ်အတွင်း၊ အရပ်ထက် ဝန်းကျင်မှ ကုန်စည်ရောင်းချရန်လာသော ကုန်သည် ဈေးသည်များ၊ ဘုရားပွဲလာ ပရိသတ်များနှင့် အထူးစည်ကားသိုက်မြိုက်သည့် တပေါင်းလဆန်း



ထုးကဲသည့်  ဝက်ကြီး၏ရုပ်ထု



စေတီတော်နှင့် သမိုင်းဝင်ဝါးရုံပင်

(၁၄) ရက် တနင်္လာနေ့တွင်–

ဟင်းလျာရောင်းချသူတစ်ဦးသည် ဝက်ကြီးကို အသားပေါ်ရန် လှည်းနောက်မှီး လှန်ချလိုက်သောအခါ ကြိုးတုတ်ပြီး သေရတော့မည်ဖြစ်သော ဝက်ကြီးတစ်ကောင်သည် အလိုလိုကြိုးပြေလျက် ရွှေယင်မျှော် စေတီတော် အနောက်မုခ်မှ စောင်းတန်းတော်အတိုင်း မဟာရံတံတိုင်းအတွင်းသို့ ပြေးဝင်လာရာ အနော်ရထာမင်းကြီး အဓိဋ္ဌာန်ပြုစိုက်ခဲ့သော **ဝါးရုံပင်နေရာရင်း** သို့ ရောက်ရှိခဲ့လေ၏။ ထိုမှတဖန် မြောက်ဘက်သို့ တဖြည်းဖြည်းလာခဲ့ရာ ရွှေယင်မျှော် စေတီတော်ကြီး၏ အနောက်မြောက်ဖက် ရာဟုထောင့် နောင်တော်ကြီးဘုရား ခြေတော်ရင်း၌ ရွှေယင်မျှော်စေတီတော်ဖက်သို့ မျက်နှာမူလျက် ယခုတည်ရှိပုံအတိုင်း ဘုရားရှိခိုးဟန်ဝပ်၍နေလေသည်။

ဝက်ပိုင်ရှင်များသည် လူထုပရိသတ်ကြီးကို တိုးဝှေ့လျက် မိမိတို့ဝက်ကြီးကို လိုက်၍ဖမ်းဆီးရာ ဂေါပကအဖွဲ့ မဟာနာယကကုန်းတောင်းအရှေ့ကျောင်းဆရာတော် (ဦးသုန္ဒရ) က ထိုဝက်ပိုင်ရှင်များအား တန်ဘိုးဝတ္ထုငွေဒင်္ဂါး (၂၈ကျပ်) ချီးမြှင့်လျက် ဝက်ကြီးကို ဇီဝိတဒါနအဖြစ် ကယ်မထားတော်မူခဲ့လေသည်။

ထိုနှစ်ထိုပွဲတော်အတွင်းမှာပင် ဝက်ကြီးအား ဇီဝိတဒါနအဖြစ် ပြည်သူလူထုက လှူဒါန်းကြရာ ငွေဒင်္ဂါးငါးဆယ်ကျပ်ကျော်ကျော် ရရှိခဲ့လေသည်။

ထိုဝက်ကြီးသည် ထူးကဲသောဝက်ကြီးဟု ဆိုထိုက်ပေသည်။ သာမန်ဝက်များနှင့် မတူ ၎င်း၏ ညာလက်တစ်ချောင်းမှာ မြင်းခွာသဏ္ဍာန် ထူးကဲစွာဖြစ်နေသည်ကို တွေ့ရှိရသည်။

အဆိုပါ ဝက်ကြီးကို ဂေါပကအဖွဲ့ နာယကရွာကြီးကျောင်းဆရာတော် (ဦးပရမ) က ထိန်းသိမ်းစောင့်ရှောက်ခဲ့ရာ၊ အသက်အပိုင်းအခြားအတိုင်း ချမ်းသာစွာ နေထိုင်စားသောက်ရပြီး ဘဝဇာတ်သိမ်း ချုပ်ငြိမ်းခဲ့လေသည်။

၎င်းဝက်ကြီး၏ ဘဝဇာတ်သိမ်း ချုပ်ငြိမ်းချိန်တွင် သနားစရာကောင်းလှသည့် ဝက်ကြီးမှာ ရွှေယင်မျှော်စေတီတော် တည်ရှိရာ မြောက်အရပ်သို့ မျက်နှာမူပြီး ဝပ်လျက်နှင့် အသက်ကံကုန်ဆုံးခဲ့သည်ကို တွေ့ရှိရလေသည်။

## မိတ္ထီလာမြို့နယ်၊ မန်ကျည်းပင်ပုရွာနေ ဆေးဆရာ – ဆရာမြိုင်ရေးစပ်သော ဝက်ကြီးစာတမ်း

ဧေယျတု॥ ॥ အင်္ဂနောဒ္ဒေ့စေ်၊ သက္ကရာဇ်တွင်၊ တွက်စစ်ဖို့တခန်း၊ ထိန်ဝါ တလီ၊ စိန်ရတနာစီသကဲ့သို့၊ မိန်ရာသီအဆန်းတွင် ကမ္ဘာ့ တန်းဆာ၊ စုဒ္ဒသာ၌၊ သရုပ်ဝစန၊ ကျားမင်းနေ့တွင်၊ အားတင်းပြေဖို့၊ ပြေတခွင်ကျော်ချင်တော့၊ ရွှေယင်မျှော်ဘုရားပွဲတွင်မှ တအားခဲ၍၊ ရှင်လူရဟန်းတို့သည်၊ တင်လှူရန်စာတမ်းနှင့် အဖူးမြော်လာကြရာ၊ အထူးနော်ပျော်စရာ တခါ၊ အခက်တနည်း မရှုပ်ရန်ဘို့၊ ဝက်ကြီးသရုပ်ကဖြင့်၊ နိမိတ်တွေဆန်းပါပေ့၊ အနိဋ္ဌေစခန်း၊ ဝက်သုဿာန်တွင်၊ ချက်ပြုပ်ရန်သတ်မည်အလုပ်တွင်မှ၊ ဒုတ် ပြေပြုတ်ခါ အလွတ်ပြေးရောဟု၊ ဖွတ်မနေး၊ နတ်ဆိုင်းနှင့်လိုက်သလို၊ မရပ် မဆိုင်းပင်၊ ကစုံးကဝါးရယ်နှင့်၊ ဘုန်းဘုရားကယ်တော်မူပါဟု၊ နယ်ပေါ်ဇမ္ဗူ မှာ၊ မဂေါက်မရှုပ်ပါပဲ၊ အနောက်မုခ်စောင်းတန်းကဝင်တဲ့ပြင်၊ ကောင်းလမ်း စအစဉ်၊ ကျော်စရာပ၊ နော်ရထာအရှင်၊ တကျွန်းစိုးသည့်၊ ဆင်ချွန်းရိုး၊ မိဋ္ဌာန်၍စိုက်သတဲ့၊ ပိတ်မကိုင်ဝါးရုံကို၊ ခိုလျက်ပါ၊ ပျားအုံသလို၊ လူတွေလိုက် တာနဲ့၊ ရှုလေ့အရှိုက်၊ ဘဝင်မမျှပါဘု၊ အသက်ရှင်စရာ ဝေဟင်အဖော်၊ ရွှေယင်မျှော် တန်ခိုးတော်လက်ပါဘုရားလို့၊ တ – လိုက်လျှင်၊ မိုးပေါ်အထက်က နတ်သိကြားတို့သည်၊ မရပ်မနား ဝဲဘက်ကိုလှည့်ပြီးလျှင်၊ တွဲလျက်အပြည့် ဘာတခုမှ မနှောင့်ရအောင်၊ ရာဟုထောင့်တွင် အထူးတမျိုးစိုက်တဲ့ ဦးဘိုးလိုက် တန်ဆောင်းမြောက်စတွင်၊ ၎င်း – မကြောက်စရာအသာဝပ်လေတော့၊ ရတနာတမွတ်ဓာတ်မွေတော်ကို၊ ပရမက်အခြေဖော်ကာ၊ ဦးသာခိုက်နေပါ၊ အထူးမညာစရိုက်နှင့် ခက်ရင်းကိုင်သူကိုင်၊ အတင်းပိုင်ပိုင် အော်ကာငေါက်ခဲ့ လျှင်၊ ဖော်သဟာမောက် (ဦးသုန္ဒရ) နာယကအရှင်တပါးက၊ နှစ်ဦးစုံစွ လာသမျှ၊ အစဉ်စကားတို့ကို အထင်အရှား၊ သရုပ်ကိုသာကြားပါတော့၊ ဒုတ် ဆိုတဲ့ခါး၊ တကာမထိပါနဲ့၊ ခမြာ၏အသက်ဘေးမှာ၊ တစက်သွေးယိုကာ ကျလိုက်လျှင် အလိုနာလှသဖြင့်၊ ဟင်း – မလုပ်ကြပါနဲ့တော့၊ သတင်းပုပ်သမျှ၊ ဒီတခါလွတ်ပါစေ၊ ကြည်စရာတဲ့ခွန်၊ အသက်မညှိုးရအောင်၊ ဝက်ဖိုးကိုသာ တကာတောင်းပါတော့၊ ခန္ဓာအိမ်အလောင်း၊ အသုဘမဖြစ်ပါစေနှင့်၊ သမုဒယ ချစ်သူ၊ ကညာကိုသာ၊ လှပဘို့အရေး၊ စိန်ကျောက်ကိုသာဆင်ပါတော့၊ ထိန်



ရှေးမူလက်ရာ ကနုတ်ပန်းများနှင့် ခေါင်းလောင်းတော်များ

မှောက်လျှင်တကာကြား‌ရောပ၊ ဆရာဘုရားက၊ တကယ့်စနစ်နှင့်မှတ်လိုက်တော့ နှစ်ဆယ့်ရှစ်ကျပ်နှင့် အေးရှာသတဲ့၊

တထွေထွေးစရာ၊ ညာလက်တချောင်းမှာလည်း၊ ဘာအတွက်ကောင်းဘို့၊ မြင်းခွာဖြစ်ပါလိမ့်၊ ဟင်းလျာအစစ်သူတော်ဝက်ကို၊ ဇမ္ဗူပေါ်ကနတ်၊ ဒါနရှင်တို့သည်၊ အရွှာရွှာကပင်၊ ငွေကြေးမနည်းကြပေဘု၊ အေးစေပွဲ၊ အဘယပြုလိုက်တာ၊ ခနအစုကဖြင့် (ငါးဆယ်ရှစ်) ပိုသတဲ့ အများနယ်တခို ကြားကြားသမျှတို့ရယ်၊ အားပါးတရနှင့် သာခုကိုသာ ဆင်ပါတော့။

ဘာပြုလို့ဆိုရင်၊ အမှုစစ်လိုက်ပြန်တော့၊ ယခုနှစ်ကလည်း ဂြိုလ်ကြီးရှစ်လုံးသုံး၊ ကိုး ခုနှစ်ကျပြန်တော့လည်း၊ ဘောမရာဟုသုံး၊ ဝင်လာသည့်သတ္တဝါကလည်း၊ နိမိတ်ကြီးတထုံး၊ တိတ်အပြီးမမုန်းဘို့၊ အခြေပေါ်တွင်၊ ရွှေယင်မျှော်နှင့် ဝါးရုံပင်၊ ဝက်ဝင်တာက ရာဟုဂြိုလ်၊ ဦးဘိုးလိုက်က တန်ဆောင်းဒါယကာ၊ အကြောင်းရှာလိုက်တော့၊ ကက်ကင်းမိချက် ချက်ချင်းသိဘို့ ကဏန်းချ၊ စာတမ်းအရနှင့် ပြည်တခွင်ကျော်၊ ရွှေယင်မျှော် စကုဓာတ်ကို၊ တခုမလပ် တယောက်မငြားပါနှင့်၊ ကျောက်အဆင်းကဲ့သို့ အမည်ခံယူ၊ သဒ္ဓါဟန်သူမဖြင့်၊ ကောလိနှင့်တွဲ၊ ဓောကြည်ဘို့အမြဲ၊ အခြေတင်ဆန်းတည့်အောင်၊ ရွှေသင်္ကန်းကပ်လှူရန်၊ နိမိတ်တရပ်ပေပ၊ အတိတ်ဓာတ်ကတော့၊ နာယကလှူဒါယကာ။

ယခုအခါမှာတော့ ကုန်းတောင်းဆရာတော်ဘုရားကြီး၊ ထုံးဟောင်းသဒ္ဓါတော်အားမှီ၍၊ မငြင်းသာပေဘု၊ ဟင်းသတ္တဝါလေးတွေ၊ ခိုကိုးရာရကြပေပေါ့၊ အဆိုတမျိုးပြုကာ၊ စကားရပ်၍မြွက်ရလျှင် ကုလားသတ်မည့်ကြက်တောင်၊ ယခုနှစ်လှူရှာသတဲ့၊ အမှုစစ်ပြန်တော့၊ ဒီနှစ်တော့ အေးကြပြီဘုရား၊ ပြည်ချစ်ဖို့အရေး၊ လျှောက်လည်မဖော်ပါရစေနဲ့၊ နောက်ပွဲတော်ကျလျှင်၊ နာယကအရှင်မပါတော့၊ လာသမျှအစဉ်က အသားဆိုင်တို့ကို၊ စကားတမြိုင်မြိုင်နှင့်၊ တကာတွေလျှောက်သော်လည်း ဆရာထေရ်ငေါက်၍ ခွင့်မပြုပါနှင့်။

အရှင့်တခုကိုသာ၊ ရွှေယင်မျှော်လှူလိုက်ပါတော့၊ ပြေခွင့်ကျော်အောင်တမှု ကတိမ်းကရိမ်း ကသောက်ကရောက်၊ မဖြစ်စေဘို့၊ အထိန်းအသိမ်းအစောင့်အရှောက်မှာတော့၊ သမာသနည်းနှင့်၊ အလေ့အထကောင်းပေသော၊ ရွာကြီးအရှေ့ကျောင်းဆရာတော် ဦးပရမအား အပ်ထားတော်မူပါပြီ။

ရပ်သားရွာပေါ်တလီ၊ မြို့ဒိစတြိတ်များတို့က၊ ငါတို့ရှိ စိတ်နှင့်မခြား၊ ကောလိမှာ၊ ပျော်ရအောင်၊ လောကီအရာနော်၊ အစဉ်းစားပိုတဲ့ပြင်၊ သတင်းကြားတဲ့အလိုမှာထောက်သဖြင့် – မယွင်းမမှားတဲ့ ဆိုစကား၊ အလာကောက်ပြီး ကိုင်းမိတ်ဆွေတို့ တခါတခေါက်လောက် လာရောက်ကြည့်ရှု၍၊ အလှူတော်ပါဝင်ကြပါမည့်အကြောင်း စံငွေမောင်း လွှတ်လိုက်ပါသည်။

## ထူးဆန်းသော နိမိတ်တော်များ

မြန်မာပြည်အင်းဝရွှေနန်း ပျက်ပြားလိုသော် ရွှေယင်မျှော်စေတီ ကွယ်တော်မူ၏။ ကြိုးတန်းခက်၍ရှာသော်လည်း (၇) ရက်တိုင်တိုင် မမြင်ရကွယ်တော်မူသည်။

ပြည်ရွာဥပါဒ်ဖြစ်လိုသော် ဥပါဒ်ဖြစ်ရာအရပ်နှင့် ဆိုင်သောအရပ်က ကျောက်ဖျာမြေအုတ်ကွဲပြုတ်သည်။ ပြည်ရွာ ဥပါဒ်ငြိမ်းလျှင် စေ့စပ်ပြန်သည်။

မြန်မာတို့၌ အထူးအထွေဖြစ်လိုသော ဖိနပ်တော်တွင် ကြွက်ကျစ်သည်။ တံတိုင်းတွင်းဝယ် ပွေးကျစ်သည်။ စေတီမှ နံ့သာရည်ကဲ့သို့ ယိုထွက်သည်။ ညောင်ပင်များလည်း အရည်ယိုသည်။ မင်္ဂလာရေကန် ရေနောက်သည်။ ပုပ်သည်။ ငြိမ်သက်လျှင် ကြည်လင်ပြန်သတည်း။

## မြန်မာနိုင်ငံလွတ်လပ်ရေးရပြီး ဖဆပလ ခေတ်

၁၃၀၉ – ခုနှစ်၊ ပြာသိုလပြည့်ကျော် (၉) ရက်နေ့ ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက် တနင်္ဂနွေနေ့တွင် မြန်မာနိုင်ငံတော်သည် နယ်ချဲ့အင်္ဂလိပ်အစိုးရတို့၏ လက်အောက်မှ လွတ်မြောက်ပြီး လွတ်လပ်ရေး ရရှိခဲ့လေသည်။ မြန်မာနိုင်ငံကို ပြည်ထောင်စုမြန်မာနိုင်ငံဟု ခေါ်တွင်စေပြီး (ဖ – ဆ – ပ – လ) ဖက်ဆစ်ဂျပန် တော်လှန်ရေးအဖွဲ့အစည်းမှ တိုင်းပြည်ကို အုပ်ချုပ်ခဲ့လေသည်။ ထိုကာလတွင် နိုင်ငံတော်သမ္မတကြီး စောရွှေသိုက်က–

ပြည်ထောင်စုမြန်မာနိုင်ငံ တဝှမ်းလုံးရှိ သိုက်သမိုင်းဝင် စေတီပုထိုးများအား အကြောင်းပြု၍၊ ရှေးရှေးမင်းအဆက်ဆက်တို့ ပညတ်ပြဌာန်း မိန့်ကြားခဲ့သည့် အလုံးစုံသော အမိန့်တော်များနှင့် အာဏာစက်များကို ပယ်ဖျက်ရုတ်သိမ်းလျက် စေတီပုထိုးရင်ပြင် အပိုင်းအခြားတို့ကိုလည်း အသစ်တဖန်

ပညတ် ပြဋ္ဌာန်းလိုက်သဖြင့် –

ရွှေယင်မျှော်စေတီရင်ပြင် အပိုင်းအခြားမှာလည်း စေတီတော်ရင်ပြင် အပိုင်းအခြား၊ ပွဲတော်ကုန်း ပတ်ဝန်းကျင်နှင့် အတွင်းမဟာရာမ်တံတိုင်း အပိုင်းအခြားမျှသာ တည်ရှိပေတော့သည်။

ထိုခေတ်ထိုကာလ၌ မြန်မာနိုင်ငံကို အုပ်ချုပ်သော အာဏာပိုင်ပုဂ္ဂိုလ်တို့သည် ဤရွှေယင်မျှော်စေတီတော်သို့ ပေါက်ရောက်ပြုပြင်ဆည်းကပ်ခြင်း အမှုမရှိခဲ့ချေ။

## ရွာကြီးဆရာတော် ဦးပရမ ပထမအကြိမ်ထီးတော်ကြီးကို ရွှေသကၤန်းကပ်လှူခြင်း

ရှေးဗုဒ္ဓဘာသာ မြန်မာမင်းများ တည်ထားကိုးကွယ်တော်မူခဲ့သော ရွှေယင်မျှော်စေတီတော်ဘုရားကြီးအား လွတ်လပ်သောမြန်မာနိုင်ငံ ခေတ်ကာလတွင် အစိုးရအာဏာပိုင်များ ရောက်ရှိပူဇော်ပြုပြင်မှုများ မရှိသော်လည်း ဘုရားကြီး၏ ဂေါစရဂါမ်ကျေးရွာအသီးသီးမှ ပြည်သူအပေါင်းတို့သည် မိမိတို့တတ်စွမ်းနိုင်သမျှ စုပေါင်းလှူဒါန်းခြင်း တသီးပုဂ္ဂလလှူဒါန်းခြင်းတို့ဖြင့် ပူဇော်မှုပြုခဲ့ကြသည်။ ထိုကဲ့သို့ပူဇော်မှုများပြုကြရာဝယ် ဘုရားကြီး၏ လက်လှမ်းမီရာ ကျေးရွာအသီးသီးမှ တစ်ရွာလျှင်အနည်းဆုံး နှစ်ဦးကျပါဝင်သော ဘာသာရေးဝါသနာပါသည့် ပုဂ္ဂိုလ်တို့နှင့် စုပေါင်းကာ သံဃာတော်များ၏ ဩဝါဒကို ခံယူပြီး ရွှေယင်မျှော်ဂေါပကအဖွဲ့ကို ဖွဲ့စည်းတည်ထောင် ဆောင်ရွက်ခဲ့ကြသည်။

ဤဂေါပကအဖွဲ့သည် မန္တလေးတိုင်း သာစည်မြို့နယ် ဒက္ခိဏာရာမကျောင်း ဆရာတော်ဦးပရမကြီးမှူးသော ဩဝါဒစရိယဆရာတော်များကြီးမှူးကာ လုပ်သားပြည်သူအပေါင်းတို့သည် သာသနာနှစ် ၂၄၉၄ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၁၂ ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၇) ရက် (၁၃–၄–၅၁) သောကြာနေ့ (သင်္ကြန်အကျနေ့) မှစ၍၊ အချင်း (၅) ငါးတောင်၊ ပတ်လည် (၁၅) တစ်ဆယ့်ငါးတောင်တစ်လက်မ၊ အမြင့် (၁၄) တစ်ဆယ့်လေးတောင်ပမာဏရှိသော ရွှေယင်မျှော်စေတီတော်ထီးတော်ကြီးကို အောက်သို့ခေတ္တပင့်ဆောင်လျက် ရွှေသကၤန်းနှစ်ထပ် (၂) ထပ်ကပ်လှူပူဇော်ပြီးလျှင် သာသနာသက္ကရာဇ် (၂၄၉၅)

ခုနှစ်၊ ကောဇာသက္ကရာဇ် (၁၃၁၃) ခုနှစ် ကဆုန်လဆန်း (၁၄၊ ၁၅) ရက် (၁၉ / ၂၀ – ၅ – ၅၁) စနေနေ့၊ တနင်္ဂနွေနေ့များတွင် လုပ်သားပြည်သူ အပေါင်း သိုက်မြိုက်စည်ကားစွာဖြင့် ထီးတော်တင်လှူပွဲကြီး ကျင်းပပူဇော်ခဲ့ကြသည်။

## ဒုတိယအကြိမ်
## ရွှေသင်္ကန်းကပ်လှူခြင်း လျှပ်စစ်မီးများ သွယ်တန်းခြင်း အုတ်သမံတလင်းများခင်းခြင်း

သာသနာသက္ကရာဇ် (၂၅၀၂) (၂၅၀၃) ခု၊ ကောဇာသက္ကရာဇ် (၁၃၂၀) (၁၃၂၁) ခုနှစ်များတွင် ရွာကြီးဆရာတော် ဦးပရမ တွဲဖက်ဦးဥတ္တမတို့၏ ဩဝါဒကိုခံယူလျက် ဂေါပကအဖွဲ့ဝင် လူကြီးများနှင့် လုပ်သားပြည်သူ အပေါင်းတို့သည် ဉာဏ်တော်အမြင့် စိန်ဖူးထိ (၇၂) ခုနှစ်ဆယ့်နှစ်တောင် ပမာဏရှိသော ရွှေယင်မျှော်စေတီတော်မြတ်စွာဘုရားအား အထက်ငုက်မြတ်နား မှစ၍ ပထမပစ္စယံအထိ ရွှေသင်္ကန်းများ ကပ်လှူပူဇော်ခဲ့ကြသည်။

စေတီတော်ကြီး၏ အာရာမ်လေးမျက်နှာမှ ပျက်စီးယိုယွင်းနေသော မဟာရံအုတ်တံတိုင်းကြီးများကို မွမ်းမံပြင်ဆင်ခဲ့ကြသည်။ အာရာမ်အတွင်း၌ မြေကွက်လပ်များကို အုတ်သမံတလင်းများ အပြည့်ခင်းခဲ့ကြသည်။ ကောဇာ သက္ကရာဇ် (၁၃၂၀) ခုနှစ်၊ ခရာဇ်သက္ကရာဇ် (၁၉၅၈) ခုနှစ်၊ တပို့တွဲလတွင် သာစည်မြို့ မြန်မာနိုင်ငံတော် လျှပ်စစ်ဓာတ်အားပေးဌာနမှ လျှပ်စစ်ကြိုးများ ရွှေယင်မျှော်စေတီတော်မြတ်ကြီးသို့အရောက် သွယ်တန်းလျက် ထိန်ထိန် ငြီးငြီး လျှပ်စစ်မီးများလှူဒါန်းခဲ့ရာ ယခုတိုင်ပူဇော်နိုင်ခွင့် ရှိခဲ့ပါသည်။

သာသနာသက္ကရာဇ် (၂၅၀၃) ခုနှစ်၊ ကောဇာသက္ကရာဇ် (၁၃၂၁) ခုနှစ်၊ တန်ဆောင်းမုန်းလပြည့်နေ့တွင် ဆရာတော် ဦးပရမကြီးမှူးသော ဩဝါဒစရိယဆရာတော်များ ဖြစ်ကြသည့် ရွာပုလဲလေးကျောင်းဆရာတော် ဦးတေဇိန္ဒ၊ သာစည်မြို့ဘုရားကြီးကျောင်းဆရာတော် ဦးသူရိယ၊ ဆည်ကြီး မြောက်ကျောင်းဆရာတော် ဦးဝါယမ၊ မြင်းကွက်ကျောင်းဆရာတော် ဦးသုဇာတ၊ ရွာကြီးကျောင်းတွဲဖက်ဆရာတော် ဦးဥတ္တမတို့၏ စီစဉ်ဆောင်ရွက်မှုဖြင့် ဂေါပကအဖွဲ့ဝင်များသည် လုပ်သားပြည်သူများ လှူဒါန်းသော အထက်ပါ သာသနာပြုလုပ်ငန်း အရပ်ရပ်တို့ကို လုပ်သားပြည်သူများနှင့်အတူ ရေစက်ချ

ပွဲသဘင် ဆင်ယင်ကျင်းပလှူဒါန်းပူဇော်ခဲ့ကြလေသည်။

## တတိယအကြိမ်
## ထီးတော်ကြီးအား ရွှေသင်္ကန်းကပ်လှူခြင်း

သာသနာသက္ကရာဇ် ၂၅၀၈ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၂၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့ (၂၁ – ၁၀ – ၆၄) ဗုဒ္ဓဟူးနေ့တွင် ရွှေယင်မျှော် စေတီတော်ကြီး၏ ထီးတော်ကြီးမှာ ရွှေသင်္ကန်းညှိုးနွမ်းနေသဖြင့် တတိယ အကြိမ် အောက်သို့ခေတ္တပင့်ဆောင်လျက် ပြည်သူလူထု၏ စေတနာသဒ္ဓါ တရားဖြင့် ရွှေသင်္ကန်း (၂) နှစ်ထပ် ကပ်လှူပူဇော်ပြီးလျှင် သာသနာ ၂၅၀၈ ခုနှစ်၊ ကောဇာ ၁၃၂၆ – ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၁၄၊ ၁၅) ရက် (၁၈ / ၁၉ – ၁၁ – ၆၄) ဗုဒ္ဓဟူးနေ့၊ ကြာသပတေးနေ့များတွင် ရွှေယင်မျှော် ဘုရားကြီး ထီးတော်တင်လှူပွဲကြီး ကျင်းပပူဇော်ကြလေသည်။

## မြောက်စောင်းတန်းတော်ကြီး

ရွှေယင်မျှော်ဘုရားကြီး၏ မြောက်ဖက်မျက်နှာရှိ ရှေးရှေးအခါက ဆောက်လုပ်လှူဒါန်းခဲ့သော စောင်းတန်းတော်ကြီးမှာ နှစ်ကာလကြာငြောင်း သဖြင့် ပျက်စီးယိုယွင်းခဲ့ရာ မြေနီအုတ်ရိုးမျှသာ ကြွင်းကျန်လေဇတော့သည်။

ယင်းသို့ပျက်ပြားနေသည်ကို ပြန်လည်တည်ဆောက်လှူဒါန်းကြရန် ဆရာတော် ဦးပရမက အမြွက်မျှညွှန်ပြတော်မူလေရာ၊ ပြည်သူလူထုက စိတ်အားထက်သန်စွာ အသီးသီး စွမ်းနိုင်သမျှ ဝတ္ထုငွေကြေးများကို လှူဒါန်း ကြသဖြင့် ရွာကြီးရွာ ဒက္ခိဏာရာမကျောင်းဆရာတော် ဦးပရမ၊ ရွာပုလဲကျောင်း ဆရာတော် ဦးတေဇိန္ဒ၊ ဆည်ကြီးမြောက်ကျောင်း ဆရာတော် ဦးဝါယမ၊ မြင်းကွက်ကျောင်းဆရာတော် ဦးသုဇာတ၊ သာစည်မြို့ ဘုရားကြီးကျောင်း ဆရာတော် ဦးသူရိယ၊ ရွာကြီးရွာ ဒက္ခိဏာရာမကျောင်း ဦးဥတ္တမတို့ကြီးမှူးသော သြဝါဒစရိယဆရာတော်ကြီးများ အလှည့်ကျ ဂေါပကအဖွဲ့ဝင်များနှင့် လုပ်သား ပြည်သူအပေါင်းတို့သည်–

သာသနာသက္ကရာဇ် ၂၅၀၉ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၂၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း (၁၁) ရက်၊ ဗုဒ္ဓဟူးနေ့၊ ခရစ် ၁၉၆၅ခုနှစ်၊ အောက်တိုဘာ

လ (၆) ရက်နေ့၊ နံနက် (၇) နာရီအချိန် ပန္နက်ချ၍၊

အလျားပေ (၁၅၀) တစ်ရာငါးဆယ်၊ အနံပေ (၃၅) သုံးဆယ့်ငါးရှိသော မြောက်စောင်းတန်းတော်ကြီးကို ဆောက်လုပ်ခဲ့ရာ သာသနာသက္ကရာဇ် ၂၅၁၃ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၃၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၁၃) ရက် စနေနေ့၊ ခရစ် ၁၉၆၉ခုနှစ်၊ နိုဝင်ဘာလ (၂၂) ရက်နေ့တွင် ပြီးစီး အောင်မြင်ခဲ့လေသည်။

## စတုတ္ထအကြိမ်
## ထီးတော်ကြီးအား ရွှေသင်္ကန်းကပ်လှူခြင်း

ရွာကြီးရွာဒက္ခိဏာရာမကျောင်း ဦးစီးနာယက ရွှေယင်မျှော်ဂေါပကအဖွဲ့ ပဓာနသြဝါဒါစရိယဖြစ်တော်မူသော ဆရာတော် ဦးပရမသည် ၁၃၃၇ ခု ကဆုန်လပြည့်ကျော် (၃)ရက်နေ့ နံနက် (၁၀)နာရီအချိန်တွင် သက်တော် (၉၁) နှစ်ဖြင့် ဘဝနတ်ထံ ပြောင်းကြွစံလွန်တော် မူခဲ့သည်။

ဒက္ခိဏာရာမကျောင်းတိုက်ကြီးကို ဆရာတော် ဦးဥတ္တမသည် ပဓာန သြဝါဒါ စရိယအဖြစ် ဆက်ခံလျက် ဆရာတော်ကြီး၏ အရိုက်အရာဖြစ်သော ကျောင်းတိုက်ကြီးနှင့် ရွှေယင်မျှော်စေတီတော်ဘုရားကြီး၏ စေတီယဝတ်ကို ထိန်းသိမ်းစောင့်ရှောက်ခဲ့ရလေသည်။

ဆရာတော်ဦးဥတ္တမ ဦးစီးနာယကအဖြစ် ဆောင်ရွက်စဉ် မိတ္ထီလာမြို့နယ် မကျီးပင်ပုကျေးရွာ ဦးထွန်း၀၊ ဇနီး ဒေါ်တော်၊ သား ကိုဖိုးတော၊ သမီး မအေးပုံ၊ မလှတုတ်၊ မအေးကြွယ် မိသားစုတို့က ဒါယကာ ခံယူကြသဖြင့် ရွှေယင်မျှော် ဘုရားကြီး၏ ထီးတော်ကြီးကို သာသနာသက္ကရာဇ် ၂၅၂၀ ခု၊ ကောဇာသက္ကရာဇ် ၁၃၃၈ ခု တပို့တွဲလတွင် ရွှေသင်္ကန်းများ တသီးပုဂ္ဂလ လှူဒါန်းခြင်းဖြင့် ဆက်ကပ်လှူဒါန်း ပူဇော်ခဲ့လေသည်။

## ရွာကြီးဆရာတော် ဦးဥတ္တမ

ဆရာတော်ဦးဥတ္တမသည် ၁၃၃၈ ခုနှစ်မှ စ၍ ရွှေယင်မျှော်ဘုရားကြီး၏ စေတီယဝတ်ကို ပဓာန သြဝါဒါစရိယအဖြစ်ဖြင့် တာဝန်ယူထမ်းဆောင် ရသော်လည်း ရွာကြီးကျေးရွာ အနာဂတ်ကလေးသူငယ်များ၏ ပညာရေးကို




ရွှေယင်မျှော် ဘုရားအနောက်စောင်းတန်းမုခ်ဦး



အနောက်စောင်းတန်းတော်နှင့် ပန်းဥယျာဉ်

ဦးစားပေးဆောင်ရွက်နေရသဖြင့် စေတီယ ဝတ်ပြုမှုအတွက် အားနည်းချက်ရှိခဲ့သည်။ ထိုကဲ့သို့ ဦးဆောင်မှုအားနည်းချက်ရှိသည်နှင့်အမျှ ရွှေယင်မျှော်စေတီတော်ကြီးအား လှူဒါန်းပူဇော်သူကုသိုလ်ရှင်များလည်း အားနည်းခဲ့ရလေသည်။

ဆရာတော် ဦးဥတ္တမသည် ရွာကြီးကျေးရွာ၌ အစိုးရအလယ်တန်းကျောင်းဖြစ်မြောက်လာသောအခါ ရွှေယင်မျှော်ဘုရားကြီး စေတီယဝတ်သို့ ဦးတည်စောက်ချဆောင်ရွက်ခဲ့လေသည်။ ဘုရားကြီး၏ ဖိနပ်တော်ရှိ အရံစေတီငယ်များ ပျက်စီးချို့ယွင်းခဲ့သည်ကို ဒါယကာခေါ်ယူကာ (၁၃၄၃) ခုနှစ်တွင် အရံစေတီအဆူ(၂၀) ဆူကို အသစ်တည်ထားပူဇော်ခဲ့လေသည်။ ဘုရားကြီးအား သန့်ရှင်းမှု၊ လုံခြုံမှု ဖြစ်စေရန် ကုသိုလ်ရှင်များ၏ စေတနာဖြင့် ဖိနပ်တော်လေးမျက်နှာ ပတ်လည် သံပန်းဝရံတာများ စိုက်ထူကာရံထားခဲ့သည်။

## အနောက်ဖက်မျက်နှာစောင်းတန်းတော်

ဆရာတော်ဦးဇဝန၏ လက်ထက်တွင် ဆောက်လုပ်လှူဒါန်းထားခဲ့သော ရွှေယင်မျှော်ဘုရားကြီး အနောက်ဖက် အုတ်ပြဿာဒ် စောင်းတန်းတော်ကြီးမှာ နှစ်ကာလကြာညောင်းခဲ့သဖြင့် အန္တရာယ်ဖြစ်စေမည့်အခြေအနေသို့ ဆိုက်ရောက်ခဲ့လေသည်။ ထိုအုတ်ပြဿာဒ်စောင်းတန်းတော်ကြီးကို ဆရာတော် ဦးဥတ္တမသည် အလှည့်ကျ ဂေါပကအဖွဲ့အား ဖြိုဖျက်ရှင်းလင်းစေခဲ့သည်။ ၁၃၄၀–ခုနှစ်မှစ၍ ပြည်သူများ၏ စေတနာအလျောက် အလှူတော်ငွေခံယူခြင်းဖြင့်၎င်း၊ တသီးပုဂ္ဂလလှူဒါန်းသော စေတနာရှင်များ၏ အလှူတော်ငွေဖြင့်၎င်း၊ အသစ်ဆောက်လုပ်ခဲ့ရာအလျားပေ (၂၆၅)နှစ်ရာခြောက်ဆယ့်ငါး၊ အနံပေ (၃၅) သုံးဆယ့်ငါးရှိ သွပ်မိုးအုတ်ကာစောင်းတန်းတော်ကြီးကို (၁၃၅၃) ခုနှစ်၊ တပေါင်းလတွင် ပြီးစီးအောင်မြင်ခဲ့လေသည်။ ထိုစောင်းတန်းတော်ကြီး၏ အလယ်ပေါက်ယွန်းစပါယ်ထပ်(၂)ဆောင်နှင့် ပြဿာဒ်ဆောင်ကိုမိတ္ထီလာမြို့နယ် မန်းကျီးပင်ပုကျေးရွာ အဖဦးထွန်းဝေ၊ အမိဒေါ်တော်တို့၏ ဂုဏ်ကျေးဇူးကို ပေးဆပ်သောအားဖြင့် သားကိုဖိုးတော၊ သမီးမအေးပုံ၊ မလှတုတ်၊ မအေးကြွယ်၊ မောင်နမတစ်စုက ကာလတန်ဖိုးကျပ်ငွေ (၁၅၀၀၀၀) တစ်သိန်းငါးသောင်း ဒါယကာခံယူကာ ဆောက်လုပ်လှူဒါန်းခဲ့ကြသည်။ ထိုစေတနာရှင်မိသားစုတို့သည် ဤခေတ်ဤအခါတွင် ရွှေယင်မျှော်ဘုရားကြီးအား ကာလတန်ဖိုးကျပ် (၂)

လှူမှုရေး ကိစ္စအဝဝတို့ကို ဆွေးနွေးပြောဆိုညွှန်ကြားပြီး ပြန်လည်ထွက်ခွာသွားခဲ့သည်။ ထိုမှ နောက်မကြာမီလများအတွင်း တိုင်းမှူးသည် သာစည်မှ သပြေဝ(၉)မိုင် (၂) ဖာလုံရှိ ကားလမ်းမကြီးကို ဖောက်လုပ်ရန် စီစဉ်ဆောင်ရွက်လေတော့သည်။ ၎င်း သာစည်–သပြေဝ ကားလမ်းမကြီးသည် ရွှေယင်မျှော် ဘုရားကြီး၏ အနောက် စောင်းတန်းတော်ထိပ်မှ ဖြတ်သန်းသော ကားလမ်းမကြီး ဖြစ်သည်။

## မဟာရံတံတိုင်းအပြင်ရှိ မဟာမုနိကြေးရုပ်ပွားတော်အား ပင့်ဆောင်ခြင်း

တိုင်းမှူး၏ ညွှန်ကြားချက်အရ၊ သာစည်မြို့၊ မြို့နယ်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးဘသာနှင့် ဂေါပက အဖွဲ့ဝင်တို့သည် သာစည်မြို့၊ မြို့နယ် သံဃာ့နာယက ဥက္ကဋ္ဌ ဘုရားကြီးကျောင်း ဆရာတော် ဦးသူရိယ၊ ရွာပုလဲလေးကျောင်း ဆရာတော် ဦးနရသုခ ရွာကြီးကျောင်း ဆရာတော် ဦးဥတ္တမတို့၏ ဩဝါဒကို ခံယူကာ–

မဟာရံ တံတိုင်းအပြင်ရှိ အလွတ်တည်ထားကိုးကွယ်ခဲ့သော မဟာမုနိကြေးရုပ်ပွားတော်ကို ဘုရားကြီး၏ အာရာမ်တံတိုင်းအတွင်းသို့ ပင့်ဆောင်မှုအတွက် ၁၃၅၃ ခု၊ ကဆုန်လပြည့်ကျော် ၁၂ ရက်၊ ၁၉၉၀ ခု၊ မေလ (၂၀) ရက် တနင်္လာနေ့တွင် မဟာမုနိ ကြေးရုပ်ပွားစံပယ်မည့် ပလ္လင် ပြုလုပ်ရန် ပန္နက်ချခဲ့သည်။

၁၃၅၃ ခု၊ နယုန်လဆန်း ၁၃ ရက်၊ ၁၉၉၀ ခု၊ ဇွန်လ ၅ ရက်၊ အင်္ဂါနေ့တွင် မဟာမုနိ ကြေးရုပ်ပွားတော်ကို ရွှေယင်မျှော်ဘုရားကြီး၏ အာရာမ်တွင်ရှိ ပလ္လင်ထက်သို့ ပင့်ဆောင်တော်မူခဲ့သည်။ တဆက်တည်းမှာပင် ဂန္ဓကုဋိတိုက်တော်ကို တည်ဆောက်ခဲ့ရာ တိုက်တော်အတွင်း မှန်စီခြင်း လုပ်ငန်းရပ်ကို တိုင်းမှူးဗိုလ်ချုပ်ထွန်းကြည် (ယခု ဒုတိယဗိုလ်ချုပ်ကြီး ထွန်းကြည်) နှင့်ဇနီး ဒေါ်နီနီ မိသားစုမှ ဒါယကာခံယူခဲ့လေသည်။ မဟာမုနိ ကြေးရုပ်ပွားတော်၏ မကိုဋ်တော်၊ စလွယ်တော်များ ပျက်စီးချို့ယွင်းခဲ့သည်ကို ပြန်လည်ပြုပြင်ပြီး၊ တိုင်းမှူး ဗိုလ်ချုပ်ထွန်းကြည် (ယခု ဒုတိယဗိုလ်ချုပ်ကြီး ထွန်းကြည်) ဇနီး ဒေါ်နီနီမိသားစုတို့က ဒါယကာ ခံယူကာ ရွှေပြားများဖြင့် ကပ်လှူပူဇော်ခဲ့သည်။ ရုပ်ပွားတော်၏ ကိုယ်လုံးတော်ကိုလည်း တိုင်းမှူး၏ ဦးဆောင်မှုဖြင့်



ကြေးသွန်းမဟာမုနိပုံတော်

ပြည်သူအများတို့က ရွှေသက်န်းများ ကပ်လှူပူဇော်ခဲ့ကြသည်။

## ရွှေယင်မျှော်ဘုရားကြီးအား ကြေးပြားကပ်လှူခြင်းနှင့် ဘက်စုံလုပ်ငန်းရပ်များ

ရွှေယင်မျှော်ဘုရားကြီး၏ ရှေးအခါက ကြေးသက်န်းတော် ဥဏ်တော်ပြည့် ကပ်လှူထားခဲ့ရာ အချို့သော ကြေးသက်န်းတို့မှာ ဟောင်းနွမ်းပျက်စီးနေ၍ ကြေးပိဿာချိန် (၃၅၀)ဖြင့် အစားထိုး ကပ်လှူပူဇော်ပြီး ရောင်တော်ဖွင့်ထားခဲ့လေသည်။ ဘုရားကြီးအား ထီးတော်ကြီးမှ ခေါင်းလောင်းတော်နခမ်းထိ ရွှေသက်န်းအပြည့်ကပ်လှူခဲ့သည်၊

တိုင်းမှူး၏ ညွှန်ကြားချက်ဖြင့် သာစည်မြို့၊ မြို့နယ်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးသန်းနိုင်နှင့် အလှည့်ကျ ဂေါပကအဖွဲ့ဝင်တို့သည် ပဓာန ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူကာ ပြည်သူများနှင့် ပူးပေါင်းလျှက် မဟာမုနိ ကြေးရုပ်ပွားတော်၏ ရှေ့မျက်နှာ၌ **မဥ္ဇူဝါသ** ဗိမာန်တော်ကို လည်းကောင်း ၊ ရွှေယင်မျှော်ဘုရားကြီး၏ အရှေ့မျက်နှာရှိ ဓမ္မသာလာ ဗိမာန်တော်ကို လည်းကောင်း၊ ခန့်ငြားထည်ဝါစွာဖြင့် အသစ်တည်ဆောက်လှူဒါန်းခဲ့ကြသည်။ ပြုလုပ်ဆဲဖြစ်သော ဘုရားကြီး၏ အနောက်ဖက်စောင်းတန်းတော်ကြီးကိုလည်း အပြီးသတ် တည်ဆောက်လှူဒါန်းခဲ့သည်။

ရွှေယင်မျှော်ဘုရားကြီး၏ ရင်ပြင်တော် ပတ်ပတ်လည်၌ လမ်းလျှောက်အပူခံ ကျောက်ပြားများ ခင်းထားခဲ့သည်။ ဟောင်းနွမ်းပျက်စီးမည့်ဆဲဆဲဖြစ်သော အာရုံခံတန်ဆောင်းများကိုလည်း ပြောင်းရွှေ့ပြန်လည်တည်ဆောက်ခဲ့သည်။ ဘုရားကြီး၏ အရှေ့မျက်နှာရှိ မေတ္တာရေကန်တော်ကို အနောက်ဖက်ပိုင်း၌ ရေကာတာ အုတ်ရိုးတည်ဆောက်ခဲ့သည်။ ဘုရားကြီး၏ အာရာမ်ကျဉ်းမြောင်းနေမှုကြောင့် မူလ တံတိုင်းဟောင်းများကို ဖြိုဖျက်၍၊ အရှေ့မျက်နှာ၌ (၁၀) တစ်ဆယ်ပေ။ မြောက်ဖက်မျက်နှာ၌ (၅၀) ငါးဆယ်ပေ၊ အနောက်ဖက်မျက်နှာ၌ (၇၀) ခုနစ်ဆယ်ပေ၊ တောင်ဖက်မျက်နှာ၌ (၇၀) ခုနစ်ဆယ်ပေ တိုးချဲ့၍ အသစ်တည်ဆောက်လှူဒါန်းခဲ့သည်။ ဘုရားပွဲတော်တွင်း လာရောက်ကြသော ဘုရားဖူး ပရိတ်သတ်များနှင့် ထို ပရိသတ်တို့၏ ကျွဲနွားများ

အလွယ်တကူသုံးစွဲနိုင်ရေးအတွက် ဘုရားကြီးမြောက်ဖက် မျက်နှာ၌ ရေးက ရှိပြီးဖြစ်သော ရေကန်ဟောင်းကို တိုးချဲ့ တူဖော်ခဲ့လေသည်။ ထိုရေကန် တူဖော်မှုအတွက် ရွာကြီးကျေးရွာမှ ဒါယကာ၊ ဒါယကာမများက ဒါယကာ ခံယူခဲ့ကြသည်။

တိုင်းမှူး ဗိုလ်ချုပ်ထွန်းကြည် (ယခု ဒုတိယ ဗိုလ်ချုပ်ကြီး ထွန်းကြည်) သည် ရွှေယင်မျှော်ဘုရားသို့ အကြိမ်ကြိမ် လာရောက်ပြီး လိုအပ်သည်များကို ညွှန်ကြားခြင်းဖြင့် အထက်ပါ လုပ်ငန်း ရပ် အ၀၀တို့အတွက် သိန်းပေါင်း (၃၀) သုံးဆယ်ကျော်မျှ အကုန်အကျခံကာ ပူဇော်ခဲ့လေသည်။ ဤဆောင်ရွက်မှု လုပ်ငန်းရပ်တို့သည် ဤသမိုင်းမှတ်တမ်း ပြုစုချိန်အထိ ပြီးစီးပြီး ဖြစ်သည်။ ဆက်လက်၍လည်း လုပ်ကိုင်ဆောင်ရွက်ဆဲ အခြေအနေတွင် ရှိသေးသည်။

## ဘုရားပွဲတော်ကျင်းပခြင်း

ဤရွှေယင်မျှော် ဘုရား၏ ပွဲတော်ရက်ကို အနော်ရထာမင်းစော လက်ထက်မှစ၍ နှစ်စဉ်နှစ်တိုင်း တပေါင်းလဆန်း၊ ၈ ရက်နေ့မှ လပြည့်နေ့ထိ သတ်မှတ်ထားတော်မူခဲ့ရာ၊ ယခုထက်တိုင် အစဉ်အလာမပျက် အဆက်ဆက် သော မင်းနှင့် ပြည်သူအပေါင်းတို့သည် ခင်းကျင်းမြဲအတိုင်း ခင်းကျင်းလျက် ရှိသည်။

ဤဘုရားပွဲတော်ကြီးသို့ ရပ်ဝေးရပ်နီးမှ ဘုရားဖူးတို့သည် လှည်းနှင့် တစ်တန်၊ ကားနှင့် တစ်မျိုး၊ ခြေလျင်တစ်သွယ် အပတ်တကုတ် ကြိုးအားထုတ်၍ လာရောက်ခဲ့ကြသည်။ စားနပ်ရိက္ခာပြည့်စုံစွာဖြင့် ညဥ့်အိပ်ညနေ တစ်ဦးနှင့် တစ်ဦးခင်မင်ရင်းနှီးစွာ ချက်ပြုတ်ဖိတ်ကြား ပျော်ရွှင်စွာ နေထိုင်သွားလာကြသည်။

ဘုရားဖူးလာ ပရိတ်သတ် လွယ်ကူစွာ စားသောက်နိုင်ရေးအတွက် စားသောက်ဆိုင်အမျိုးမျိုး၊ တောင်သူသုံးပစ္စည်း ရောင်းချဆိုင် အိမ်သုံးပစ္စည်း ဆိုင်အစရှိသော ဈေးဆိုင်ကနားများဖြင့် စည်ကားသိုက်မြိုက်လှပေသည်။ လူငယ် လူလတ် ပျော်ရွှင်မှုအတွက် အငြိမ့်ပွဲ၊ ဇာတ်ပွဲ၊ ရုပ်ရှင်စက်၊ ဗွီဒီယို ပြစက် စသည်တို့ဖြင့် ခင်းကျင်းလေသည်၊

ဤပွဲတော်ခင်းကျင်းမှု ကိစ္စကို အလှည့်ကျ ဂေါပကအဖွဲ့က သက်ဆိုင်ရာ မြို့နယ် အုပ်ချုပ်ရေးအရာရှိများနှင့် ပူးပေါင်းဆောင်ရွက်ကြသည်။







စေတီ့ရင်း မဟာမုနိသီတင်းသုံးရာ မဏ္ဍုပဝါသဗိမာန်တော်



တောင်စောင်းတန်းအနောက်ရှိ မပြုပြင်မီ ပုဂံခေတ်ရှေးဟောင်းစေတီများ



ဆုတောင်းပြည့်စေတီတော် နှင့် ဆုတောင်းပြည့်မယ်တော်ကြီး



ရွှေယင်မျှော်ဘုရားသမိုင်း ကျောက်စာတိုက်

နှစ်စဉ် တန်ဆောင်တိုင် မီးထွန်းပွဲကို (တန်ဆောင်မုန်း လဆန်း ၁၄/ ၁၅ ရက်) ရွာကြီး ကျေးရွာလူငယ်မောင်မယ်များက စုပေါင်းကာ ကျေးရွာ၏ စုပေါင်းပါဝင်ငွေဖြင့် ညဉ့်အခါ ဇာတ်ပွဲများ၊ နေ့အခါ ဗွီဒီယိုစက်များ ပြသသည်။ စသည်ဖြင့် နှစ်စဉ် အဆင့်မြင့် ခြေကန်ဘောလုံး ပြိုင်ပွဲကိုလည်း ထည့်သွင်းခင်းကျင်းခဲ့ကြသည်။

ဒေသခံအရပ်၌ ရေအလျှံပယ် ပေါများ၍ လူသုံးရန် တိရစ္ဆာန် ကျွဲနွား သုံးရန် ရေအလုံအလောက်ရှိခြင်း၊ ညဥ့်အခါ လျှပ်စစ်မီး ထိန်ထိန်ငြီးမျှ ထွန်းလင်းတောက်ပနေခြင်း စသည်တို့ကြောင့် ဘေးကင်းရန်ကွာ အေးချမ်းစွာ နေထိုင်ကြရသဖြင့် အထူးပင် စည်ကားလှသော ဘုရားပွဲတော် ဖြစ်ပေသည်။

## နိဂုံး

ဤသို့အားဖြင့် မန္တလေးတိုင်း မိတ္ထီလာကန်တော်အောက် ရွှေမင်းဝန် တောင်တန်း၏ အခြေ ညီညာသာယာသော မြေအပြင်ရှိသောအရပ်ဒေသဝယ် အရှည်မြှော်ခေါ် ဉာဏ်အမြင်တော် ရှိကြသော–

သီရိဓမ္မာသောကမင်း၊ အနော်ရထာမင်း၊ ထီးလှိုင်ကျန်စစ်မင်း၊ ဆင်စကြာ သခင်၊ အလောင်းစည်သူမင်း စသည့်မင်း အဆက်ဆက်တို့က

ဗုဒ္ဓရှင်တော်ထားရှိတော်မူခဲ့သော သာသနာတော် ငါးထောင် အရှည် တည်တံ့ခိုင်မြဲအောင် ကောင်းမြတ်သော သမ္မာဆန္ဒ ရည်ရွယ်ချက် အာသီသ တို့ဖြင့် ဘုရားတည်ခြင်း၊ သိမ် သမုတ်ခြင်း၊ ကျောင်းတိုက်တည်ခြင်း၊ ရေကန်တူးဖော်ခြင်း စသည်တို့ကို အခြေချ ပြုလုပ်တည်ထောင်ထားခဲ့ပြီး ဖြစ်ရကား–

ရတနာပုံမြို့ ရွှေဘုံပမာ ညီညာသော မြေအပြင် ဖြူစင်သော သဲအစု တို့ဖြင့် တင့်တယ်သပ်ယပ် လွန်ကောင်းမြတ်သော ကျောင်းကန်ဘုရား ရုပ်ပွားပုထိုး အုတ်ရိုး စေတီတို့သည် ရွာကြီးရွာ၏ အနီးအပါး မွန်မြတ်သော အရပ်ဝယ် တည်လျက်ရှာ၌ နေသူများ ဗိုလ်လူတို့၏ သမ္မာဒိဋ္ဌိက ဗုဒ္ဓဘာသာ အစစ် ဥပါသကာ ဥပါသကီ သူတော်ကောင်းတို့၏ အဖြစ်ကို မတ်မတ်မား မား ညွှန်ကြားဖော်ပြလျက် ရှိသောကြောင့် ကောင်းမြတ်သော ကျက်သရေရှိသော ပဋိရူပ ဒေသအမွန်လည်း ဖြစ်သော–

စေတီအတွက် ကျောင်းဦး ပြဿာဒ်တို့၌ ဆွဲကပ်တပ်ဆင်ထားသော ရွှေခြူးဆည်းလည်းတို့မှ တသုတ်သုတ် တိုးဝှေ့တိုက်ခတ်သော လေဟုန် အရှိန်ကြောင့် ရတနာသုံးရပ် ပူဇော်အပ်သည်တို့ကို မပြတ်ညဥ့်နေ ဆည်းကပ် မွေ့လျက် မမေ့မပျောက်ရအောင် တကြွေးကျော်ကျော် ခေါ်သည့် ပမာသံစာစာဖြင့်ဖြင့် သာယာကြည်နူးဖွယ်လည်း ရှိသော–

တရားဓမ္မမွေ့လျော်ကြသူရှင်လူရဟန်းတို့အတွက် ဘုရားကြီးမှ ထိန်ထိန် တသီး လျှပ်စစ်မီးတို့ဖြင့် ညချမ်းချိန်ခါ လွန်စွာ အေးမြ၊ သာယာဖွယ်လည်း ရှိသော–

ပတ်လည်ဝန်းကျင် သစ်ပင်ကြီးငယ်အသွယ်သွယ်တို့သည် စိမ့်စိမ့်ညိုမှိုင်း မြရောင်ဆိုင်းသကဲ့သို့ ရှုကြည့်တိုင်း တင့်တယ်၍ မွေ့လျော်ပျော်ပိုက် နှစ်ခြိုက်ဖွယ်လည်း ဖြစ်သော –

များပြားစွာလှ ရွာဂါမတို့ထက် အလွန်အကျူး အထူးသဖြင့် သီလသမာဓိ ပညာဟု ဆိုအပ်သော သာသနာတော်မြတ်ကြီးကိုလည်းကောင်း ရတနာ သုံးပါးကိုလည်းကောင်း သက်ဝင် ယုံကြည်ကြကုန်သည်ဖြစ်၍

ဒါနသီလ ဘာဝနာ အစထား ကုသိုလ် တရားတို့ကို ပွားများကြိုးကုတ် အားထုတ်ကြကုန်သော ပုဗ္ဗာန ပုဗ္ဗ ရှေးရှေးသော စဉ်ဆက်က၊ ဆင်းသက်၍ လာကြကုန်သော ရှင်ဥက္ကံသမာလာ၊ ရှင်ကုမာရကဿပ၊ ရှင်ပရမအစရှိသော သာသနာ့ဝန်ဆောင်များ မြောင်ထိပ်သီး၊ ဆရာတော်ဘုရားကြီး ရဟန်းရှင် ကောင်း သူမြတ်လောင်းများစွာတို့၏ ဖြစ်ထွန်းပေါ်ပေါက်ရာ ဖြစ်ပေသော မန္တလေးတိုင်း၊ သာစည်မြို့နယ်မှ အနောက်မြောက်လေးမိုင် (၄)မိုင် ကျော်ကွာ လှမ်းသည့် ရွာကြီးရွာဒေသရှိ ဓာတ်တော်စုံပျော် ရွှေယင်မျှော်ဘုရားကြီးသို့ သွားရောက်ပူဇော် ဖူးမြော်ကန်တော့ကြရန်နှင့် သမထ ဘာဝနာဝိပဿနာ ဘာဝနာ တရားများ ပွားများရန် မမေ့သင့် မမေ့အပ် မမေ့ထိုက်ကြောင်းဖြင့် နိဂုံး ခါးပတ် အဆုံးသတ်လိုက်ပါသည်။

## ရွှေယင်မျှော် ဘုရားရှိခိုး

သီရိမဟာ၊ ဓမ္မာသောက၊ မင်းမှစ၍၊ နရထွတ်ဖျား၊ မင်းအများတို့၊ ဆင့်ပွားကိုးကွယ်၊ တိုင်းချက်လယ်တွင်၊ သပ္ပါယ်ဆန်းထူး၊ လွန်ကြည်နူးသား

ရှေးဦးအစ၊ ပထမဦ၊ အသောကမင်း၊ မျက်ကွင်းတော်ဓာတ်၊ မွေတော်ပြတ်နှင့်၊ များလှရွှေစင်၊ ဗောဓိပင်က၊ ပလ္လင်ထက်ဝယ်၊ စံပယ်မူဟန်၊ ရုပ်သဏ္ဍန်ကို၊ နှစ်တန်သာဝက၊ အသောကနှင့်၊ သတ္တဖြဟ္မာ၊ ငါးဖြာရုပ်ပွား၊ ခြံရံထားလျက်၊ တည်ငြားပူဇော်၊ စေတီတော်သို့၊ အနော်ရထာမင်းမြတ်လာလျှင်၊

လက်ယာမျက်ကွင်း၊ ဥဒေါင်းမင်းမျှ၊ ရွှေယင်ပြသည့်၊ နာမထင်ပေါ် ရွှေယင်မျှော်တွင် ရှင်တော်ငွေမြတ်၊ နလုံးဓာတ်ကို လေးမြတ်သဒ္ဓါ၊ ဌာပနာ၏၊

နှစ်ဖြာနားတော်၊ ဦးခွံတော်ကို၊ သားတော်ကျန်စစ်၊ ကိုးကွယ်ရစ်ဟု ဆက်လက်ဆင့်ပွား၊ သွင်းခဲ့ထား၏။

နှစ်ပါးနားသော် မွေရှင်ကျော်ကို ၊မြေးတော်ဘုန်းလူ၊ လောင်းစည်သူလျှင် ကြည်ဖြူရိုသေ၊ တည်ထားပေ၏။

မျက်ရွှေတော်လွှာ၊ ဓာတ်သလ္လာကို၊ ရာဇာနရပတိ၊ သွန်းပြန်ဘိ၏။ အနံ့ကျွန်းခွင်၊ ငါးစီးရှင်သည်။ မျက်ရှင်လက်မ နှစ်ဆူမျှကို၊ ညွတ်ခမြဲနောင် တည်ခဲ့ထောင်၏။

မင်းခေါင်ကျော်ဟိုး၊ လူ့ထိပ်မိုးသည်၊ မျက်ရိုးလက်ယာ၊ ဌာပနာ၍၊ ရာဇသေဠ်နင်း၊ မိုးညှင်းမင်းလျှင် ရှင်ရင်းမွေဓာတ်၊ လက်မမြတ်ကို၊ ထပ်ကာထည့်သွင်း၊

တောင်တွင်းမင်းလည်း၊ သတင်းထင်ပေါ်၊ လက်သန်းတော်ကို၊ ပူဇော်ခဲ့ငြား၊

မှတ်သားတဖို၊ စမုံချောင်းဖျား၊ မင်းတရားလည်း၊ ရွှေသားတမျှ၊ သုဝဏ္ဏပဘာ၊ မဟာဗာဟု၊ နှစ်ဆူဓာတ်တော်၊ ပူဇော်သွင်းထ။

ထိုမှတသွန်၊ သာလွန်မင်းတရား၊ ကြေးနီပြားတွင်၊ ရွှေရောင်တင်၍၊ ရွှေစင်မွမ်းမံ၊ ရွှေရောင်လျှံဝင်း၊ အမင်းအမင်းတို့၊ ထည့်သွင်းပူဇာ။

နောက်ဆင့်မှာကား၊ မဟာထေရ်ရ၊ ဇဝနတွင်မည်၊ ထပ်ဆင့်တည်ရာ၊ မြတ်စွာရှင်ချစ်၊ ဓာတ်တော်စစ်မှာ၊ လေးရာကိုးဆယ်၊ များကြွယ်တင့်ဆန်း၊ ရဟန္တာမြတ်၊ ဓာတ်တော်ခြောက်ဆယ်၊ တစ်ဆူကယ်၏။

စင်ကြယ်ပေါင်းစု၊ ငွေဆင်းတုမှာ၊ တစ်ရာကကျော်၊ ငါးဆယ်ပေါ်သား၊ တို့ဘုရားသည်၊ တောသားသမင်၊ ကိုးကြိမ်ဝင်နှင့်၊ ငှက်လျှင်ကြိုးကြာ၊ လေးဖြာကြာအောင်၊ ကျင်လည်ရာရုပ်၊ မွေတော်ဓာတ်တို့၊ များမြတ်ကိန်းပျော်၊

ရွှေယင်မျှော်ကို၊ ပူဇော်မြတ်နိုး၊ ရှိပန်ခိုးသည်၊ ကောင်းကျိုးသုခ၊ ပြည့်စေသော်ဝ်၊ မြတ်ရှင်စော–

သြကာသ --- သြကာသ --- သြကာသ ---

## ရွှေယင်မျှော်ဘုရားဘွဲ့ ရစနာဂါထာ

သုမင်္ဂိက ဒဿိဗုဒ္ဓံ၊ ပုညဝဍ္ဎ၁ဝ ဒိဿရေ။

ခလု အဗ္ဘုတဝ စိန္တေယျံ၊ ပါကဋံ ဒါတု သာသနေ။

ဘောဇ္ဇေ၁၊ ဇမ္ဗူဒီပါကျွန်းလက်ယာဝယ် ဖြစ်လာပြေငြား

အိုသူတော်ကောင်းများတို့၊ သာသနေ၊ ရှင်တော်ဗုဒ္ဓဟောမိန့်ပြသည့် သုံးဝ သာသနာ ထွန်းလင်းရာဖြစ် ငါးထောင်ခေတ်အတွင်း၌ အဗ္ဘုတံ သိရိမ္ဗာသောက မူလ ပူဇော်အနော်ရထာ အစဖြာလျက် လောင်းလျာစည်သူ ထို့တူ နရပတိ ဓိပတိမင်း ခေါင်ထွန်း ပြောင်မိုးညှင်း ပြည့်ရှင်မင်းနှင့် ခပင်းဗိုလ်ပါများစွာ စစ်သည် တိုင်းပြည်လူအား ဓာတ်တော်များက ကောင်းကင်ကြွ၍ ဗုဒ္ဓရှင်ပင် ပုံသွင်ဟောကြား ဗျာဒိတ်ထားသဖြင့် အံ့အားသင့်ကာ ရာဇာချီးကျူး မဖြစ်ဖူးမြဲ လွန်ထူးကဲ၍ အထူးတလည် အံ့သြဖွယ်အစစ် ဖြစ်ပြီးဖြစ်ပေထသော။ အစိန္တေယျံ၊ စေတီတော်၏ ကြီးမြတ်နဘော်ဘုန်းတော်နှင့် ဂုဏ်ဓာတ်တော်စုကို အာရုံစွဲမှီ၊ မကြံစည်နိုင်ပေထသော။ ပါကဋံ၊ သောင်းလောကဓာတ် ဇမ္ဗူရပ်ဝယ် နံ့စပ် ကျေညာ ထောင်နေ့ဝါသို့ လွှန့်စွာ ကျော်ကြားထင်ရှားတော်မူပေထသော။ သူမင်္ဂိက ဒဿိဗုဒ္ဓံ၊ ကျေးဇူးတော်အစုံ ဂုဏ်တော်အနန္တ ကြီးလှနဘော် တန်ခိုးတော်ရှိသော ဓာတ်တော်မွေတော် ကိန်းပျော်ထင်ရှား ရွှေယင်မျှော်ဘုရား" ကို။ ပုညဝဍ္ဎ၁ဝ၊ ဘဝများစွာ သံသရာက ဖြာဖြာကောင်းမှု ဆန္ဒပြုသဖြင့် လူ့ပြည်ရောက်လာ ပါရမီရင့်ဘုန်းကံကြီးမြင့်ကြသော ရဟန်းရှင်လူ ပြည်သူ ပြည်သား သူတော်ကောင်းအများတို့သည်သာလျှင်၊ ခလု၊ တကယ်ကေန် အမှန်စင်စစ်အားဖြင့်။ ဒါတုံ၊ စေနာလျှမ်း သဒ္ဓါစွမ်းဖြင့် လှူဒါန်းပူဇော် ကော်ရော်ဖို့ရာ အကျိုးငှာ။ ဒိဿရေ၊ စီးပွားတိုးတက် အသက်ရှည်ကြာ ချမ်းသာကြရန် ရှေးဘုန်းကံက စိမ်နှိုးဆော် အာနဘော်ကြောင့် စေတီတော်ထံပါး ခဝပ်တွားလျက် စိတ်ထားကြည်လင် ဖူးမြင်ကြရလေကုန်သတည်း။ ။